mgyoe.com

SAMPLE BOOK

ကောင်းဆုသာစာပေ

မောင်စိန်ဝင်း
(ပုတီးကုန်း)

# သောကခြေရာ ရတနာကဗျာများ

၊ ၁၄ ၊ ကြိမ်မြောက် ထုတ်ဝေခြင်း

mgyoe.com

GRAPHIC DESIGN : KYAW MINN MOUNG

mgyoe.com SAMPLE BOOK

## နေရာသစ်သို့

ခရီး ...
နီးမည် ဝေးမည်၊ ငါသည် မသိ။

လမ်း...
ကြမ်းမည် ကောင်းမည်၊ ငါသည် မတွေး။

ရာသီ...
သာမည် ဆိုးမည်၊ ငါသည် မတွက်။

သည်နေရာက
ခွာမှ ဖြစ်မည်၊ ငါယုံကြည်၏၊
မိနစ်ထက်ဝက်၊ ဆက်နေမရ
စိတ်ဆန္ဒက၊ ပြင်းပြ၍သာ
ငါထွက်လာခဲ့
ဘာပြင်ဆင်မှု၊ တစ်ခု မရှိ။

အသိအတား၊ များလည်း ရှေ့ဆက်
တစ်ရက်မရောက်၊ တစ်လလျှောက်မည်...
ပေါက်တဲ့ခရီး၊ တစ်ဆစ်နီးပြီ
ငါ့ယုံကြည်ချက်၊ ငါ့အသက်လေ...
ငါ့ယုံကြည်ချက်၊ ငါ့လက်နက်လေ...
နေရာဟောင်းမှာ၊ ငါသည် မနေ
သွားရင်း သေအုံ...။ ။

9 284381 002575

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

သို့ /

..............................

..............................

..............................

မှ/

..............................

..............................

..............................

ကောင်းဆုသာ စာပေ ဖြန့်ချိရေး

အမှတ် (၁၇၃)၊ ပထမထပ်၊ ၃၁ လမ်း (အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

၀၉ ၄၂၀၀ ၈၃၄၈၂ ၊ ၀၉ ၇၉၉ ၂၅၇၁၃၈

Facebook Page - ကောင်းဆုသာ စာပေ

mgyoe.com

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့် ခုနှစ်၊ လ

– ၁၉၈၆ ခုနှစ်၊ ဩဂုတ်လက ပထမအကြိမ် စတင်ထုတ်ဝေခဲ့သည်။

– ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ( ၁၄ ကြိမ်မြောက် ပုံနှိပ်ခြင်း )

မျက်နှာဖုံးဒီဇိုင်း – ကျော်မင်းမောင်

အတွင်းသရုပ်ဖော်ပန်းချီ – ဟိန်းထက်

အတွင်းသရုပ်ဖော်ဒီဇိုင်း – ပိုင်ပိုင်လင်းဦး

စာစစ် – ဝေမိုးအောင်

ကွန်ပျူတာစာစီနှင့်

စာမျက်နှာ ဖွဲ့စည်းမှုဒီဇိုင်း – ကောင်းဆုသာပုံနှိပ်လုပ်ငန်းစု

**ဦးမိုးဇော်ဟိန်း** (၀၁၃၃၄) ၊ **ကောင်းဆုသာ စာပေ** ၊ အမှတ် (၁) ၊ သစ္စာလမ်းနှင့် မိုးကောင်းဘုရားလမ်းထောင့် ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ( မိုးကောင်း မှတ်တိုင်)က ထုတ်ဝေပြီး **ဦးမင်းမင်းဆန်း** ( မြဲ ၀၁၆၈၅)၊ Mother Home **ပုံနှိပ်တိုက်** ၊ အမှတ် (၂၀၆) ၊ ဗိုလ်ချုပ်လမ်း။ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ပုံနှိပ်သည်။

**အုပ်ရေ – ၁၀၀၀**


**တန်ဖိုး – ၁၈၀၀၀ ကျပ်**


mgyoe.com

၁၄ ကြိမ်မြောက် ပုံနှိပ်ခြင်း

mgyoe.com SAMPLE BOOK

# သောက ခြေရာ ရတနာကမျှာများ



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


စဉ် စာမျက်နှာ

■ တစ်ရှုပ်ရှင်း၍ တစ်ရှုပ်ထွက်
မင်းသုဝဏ် ၁၃

■ မောင်စိန်ဝင်း၏သောကခြေရာ
အောင်သင်း ၁၇

■ သောကခြေရာ ရတနာ ၁၄ ကြိမ်မြောက်အတွက်
အမှတ်တရစကား
မောင်စိန်ဝင်း၊ပုတီးကုန်း၊ ၃၄

■ ၁၄ ကြိမ်မြောက်ထုတ်ဝေခြင်းအတွက်
ထုတ်ဝေသူ ဝမ်းသာပီတိ ၃၈

အပိုင်း (၁)

၁။ ထာဝရ ၄၁
၂။ စကားမြား ၄၂
၃။ နေရာသစ်သို့ ၄၃
၄။ ရာသီတုစက် ၄၄
၅။ အရဏ်ကြို ၄၆
၆။ ထာဝရပန်း ၄၈
၇။ မသိကိန်းတန်ဖိုး ၄၉
၈။ သွေးစည်းသူများ ၅၀
၉။ ငှက်တို့၏ တေး ၅၁
၁၀။ နွယ် ၅၂


mgyoe.com

mgyoe.com SAMPLE BOOK


၁၁။ မင်းနေခဲ့တဲ့ အိမ်ကလေး ၅၃
၁၂။ အချစ်ဦး ၅၄
၁၃။ နေဆယ်စင်း လမင်းဆယ်ဆူ ၅၅
၁၄။ အခြေအနေ ၅၆
၁၅။ အရိပ်မည်း ၅၈
၁၆။ ဖမ်းစားခြင်း ၅၉
၁၇။ အပြောင်းအလဲ ၆၀
၁၈။ ဝဋ္ဋ ၆၁
၁၉။ ရင်ခွင်ရိုင်း ၆၂
၂၀။ လှည့်စားသူ ၆၃
၂၁။ အစဉ်သာ ၆၄
၂၂။ ကစားစရာ ထင်ပါသလား ၆၅
၂၃။ တဝဲလည်လည် ၆၆
၂၄။ သောကသောင် ၆၇
၂၅။ အရိပ်များ ၆၈
၂၆။ ရတနာသူ ၆၉
၂၇။ သိုလှောင်ခြင်း ၇၀
၂၈။ လမ်းခွဲခြင်း ၇၁
၂၉။ မေ့နိုင်မလား ၇၂
၃၀။ လှေပျက်ပေါ်မှာ ၇၄
၃၁။ အလယ်ကအစ ၇၅
၃၂။ ကတ္တီပါဖိနပ်တစ်ရန် ၇၆
၃၃။ ပိန်းရွက်ပေါ်က ရေစက်ကလေး ၇၇


mgyoe.com

mgyoe.com SAMPLE BOOK


၃၄။ ဟိုဘက်ကမ်း သည်ဘက်ကမ်း ၇၈

၃၅။ မြစ်အကူး ၇၉

၃၆။ အိပ်မက်ပြယ်ခြင်း ၈၀

၃၇။ ရာသီပန်း ၈၁

၃၈။ ထာဝရ ၈၂

၃၉။ နှင်းနဲ့ ဥဩ ၈၃

၄၀။ ဝိရောဓိ ၈၄

၄၁။ အန္ဓ သို့မဟုတ် ၈၅

၄၂။ အခွံ ၈၆

၄၃။ ပင်လယ်ခရီးသည် ၈၇

၄၄။ ရုပ်မြင်သံကြား ၈၈

၄၅။ တစ်ချပ်မှောက်ဝိုင်း ၈၉

၄၆။ အလုပ်စားပွဲက စကား ၉၀

၄၇။ ဘဝသစ်ပင် ၉၂

၄၈။ နှစ်သစ်၌ ပြန်လည်မွေးဖွားခြင်း ၉၃

၄၉။ အလွှာနှစ်ခု ၉၄

၅၀။ ခရီးသည် ၉၅

၅၁။ မြိတ်၊ ပီလောပီနံနှင့် ဟွန်ဒါ ၉၆

၅၂။ မရဏာနုဿတိ ၉၈

၅၃။ ခြေရာများ ၉၉

၅၄။ နွေထဲမှာ ၁၀၀

၅၅။ သတ္တိရှိသော သစ်တစ်ပင် ၁၀၁

၅၆။ ပိုး ၁၀၂



mgyoe.com

mgyoe.com SAMPLE BOOK



၅၇။ တစ်ရုံရောအခါ ၁၀၃
၅၈။ ခြေရာကောက် ၁၀၄
၅၉။ မျက်နှာသစ် ၁၀၅
၆၀။ ဥယျာဉ်ထဲမှာ ၁၀၆
၆၁။ ညခရီးသည်များ ၁၀၇
၆၂။ ခရီးသည်များ ၁၀၈
၆၃။ ရေအကြောင်း ပန်းအကြောင်း ၁၀၉
၆၄။ နှစ်ထပ်အိမ် ၁၁၀
၆၅။ စက်ရုပ်လူ ၁၁၁
၆၆။ ကျီးတို့အလယ်မှ ဒေါင်း ၁၁၂
၆၇။ အညာနွေ ၁၁၃
၆၈။ ငှက်ဆိုသည်မှာ ၁၁၆


## အပိုင်း (၂)


၁။ သောကခြေရာ (၁) မှ (၁၃) ၁၁၉
၂။ ရတနာ(၁) မှ (၁၅) ၁၃၃
၃။ အရိန္ဒမာ သိပါသည် ၁၅၀
၄။ ပါးချိုင့်ကလေး ၁၅၂
၅။ ပြယုဂ် ၁၅၃
၆။ အပြန်လမ်း ၁၅၄
၇။ သက်တံရောင် ၁၅၅
၈။ အင်ကြင်းတစ်ခိုင် ၁၅၆
၉။ တံလျှပ် ၁၅၈



mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| ၁၀။ တိတ်တခိုး | ၁၅၉ |
| ၁၁။ သွားတက်ကလေး | ၁၆၀ |
| ၁၂။ အထီးကျန် | ၁၆၁ |
| ၁၃။ ချစ်သူအိမ်ရှေ့ဝင်းတံခါး | ၁၆၂ |
| ၁၄။ တန်ဖိုး | ၁၆၃ |
| ၁၅။ ဖြေသိမ့်ခြင်း | ၁၆၄ |
| ၁၆။ အလွမ်းပွင့် | ၁၆၆ |
| ၁၇။ စိမ်းသူ | ၁၆၇ |
| ၁၈။ အနှောင်အဖွဲ့ | ၁၆၈ |
| ၁၉။ လွမ်းရက်ရာထောင် | ၁၆၉ |
| ၂၀။ အသိခက်သူ | ၁၇၀ |
| ၂၁။ ချစ်သူ | ၁၇၁ |
| ၂၂။ လေထန်သော ည | ၁၇၂ |
| ၂၃။ မိုးဦး | ၁၇၃ |
| ၂၄။ ထားခဲ့တဲ့ ဝေဒနာ | ၁၇၄ |
| ၂၅။ ထာဝရကလေးများ | ၁၇၅ |
| ၂၆။ မြှုပ်နှံ့သင်္ဂြိုဟ်ခြင်း | ၁၇၆ |
| ၂၇။ နှင်း | ၁၇၈ |
| ၂၈။ မိုးထဲမှာ | ၁၇၉ |
| ၂၉။ လွမ်းစံပယ် | ၁၈၀ |
| ၃၀။ အဖြည့်ခံ | ၁၈၁ |
| ၃၁။ မစွန့်ဝံ့သူ | ၁၈၂ |
| ၃၂။ နွေဝေဒနာ | ၁၈၃ |



mgyoe.com

mgyoe.com SAMPLE BOOK



၃၃။ ကျွန်တော့်မြေမှာ ၁၈၄
၃၃။ ပန်းဖျက်မှုဆိုး ၁၈၅
၃၄။ တစ်ခါက ၁၈၆


## အပိုင်း (၃)


၁။ တစ်ဖြစ်လဲ ၁၈၉
၂။ ငါ၏နွေများ ၁၉၀
၃။ တစ်ခါတုန်းက နေရာဟောင်း ၁၉၁
၄။ ခရီး ၁၉၂
၅။ အိပ်မက်ဖြူဖြူ ၁၉၃
၆။ ကံ့ကော်အိပ်မက်များ ၁၉၄
၇။ ပခုံးဦးမှာ မှီချင်တယ် ၁၉၆
၈။ ကြားခံ ၁၉၉
၉။ ယာယီပိတောက် ၂၀၀
၁၀။ နွံ ၂၀၂
၁၁။ မမေ့တတ်ချင် ၂၀၃
၁၂။ နားလည်ပါ ၂၀၄
၁၃။ လမ်းလျှောက်ထွက်သူ ချစ်သူနှစ်ဦး ၂၀၅
၁၄။ နှင်းဆီနီ ၂၀၆


## အပိုင်း (၄)


၁။ ရောဂါ ၂၀၉
၂။ ရာစုအသစ်မှာ ၂၁၀
၃။ မိုက်မဲသော ဥယျာဉ်မှူး ၂၁၁
၄။ ကန်တော်ကြီး၏ မနက်ခင်း ၂၁၂
၅။ ဒီဇင်ဘာမီးတောင် ၂၁၃



mgyoe.com

mgyoe.com SAMPLE BOOK

၆။ နွေနှောင်းအိမ်မှာ ၂၁၄
၇။ လမ်းခွဲခြင်း ၂၁၅
၈။ ခွေးခြသေ့် ၂၁၆
၉။ စက္ကူပြိုတောက် ၂၁၇
၁၀။ မှတ်တိုင်တစ်ခု ၂၁၈
၁၁။ မကျေနပ်၍ ခွင့်မလွှတ်နိုင်ခြင်း ၂၁၉
၁၂။ မပြည့်သော စောင်း ၂၂၀
၁၃။ လူတို့သည် ၂၂၁
၁၄။ အလှကွယ်ချိန် ၂၂၂
၁၅။ အိမ်အပြန် ၂၂၃
၁၆။ လူ ၂၂၄
၁၇။ ရင်းနှီးနေသော မျက်နှာများ ၂၂၅
၁၈။ အလှစုရာ ၂၂၆
၁၉။ ရွာကထိန် ၂၂၇
၂၀။ ဆည်ဖို့ပွဲ ၂၂၈
၂၁။ တွေဝေမှု (သို့မဟုတ်) အားငယ်ခြင်း ၂၃၀
၂၂။ အနီးအဝေး ၂၃၂
၂၃။ အပူမီး ၂၃၃
၂၄။ ကြေကွဲဖွယ်ည ၂၃၄
၂၅။ သစ်ဆုံဆည် ၂၃၆
၂၆။ နေလတို့ ကွယ်လေလျှင် ၂၃၈
၂၇။ တံငါရွာက ဇာတ်လမ်း ၂၃၉
၂၈။ ရွာလယ်ချောင်း ၂၄၀
၂၉။ မာန် ၂၄၂


mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်း (၅)

| | | |
|---|---|---|
| ၁။ | ဘုရားစောင်းတန်းက ပန်းသည်များ | ၂၄၅ |
| ၂။ | အင်းလျားရေ | ၂၄၆ |
| ၃။ | စမ်းချောင်းဘေးမှာ | ၂၄၈ |
| ၄။ | ခံနိုင်ရည် | ၂၅၀ |
| ၅။ | ငါးမျှားသူများ | ၂၅၁ |
| ၆။ | မနက်ဖြန် | ၂၅၂ |
| ၇။ | ကဗျာငှက် | ၂၅၃ |
| ၈။ | ဝေ၀န်ခရီး | ၂၅၄ |
| ၉။ | ၁၉၈၆ ၊ ဒီဇင်ဘာ ၃၁၊ ည ၁၂ နာရီ | ၂၅၆ |
| ၁၀။ | လူ | ၂၅၈ |
| ၁၁။ | ကလောမိုး | ၂၅၉ |
| ၁၂။ | ပင်လယ်ထဲက အို. . . ကျောက်ဆောင် | ၂၆၀ |

■ ■ ■


mgyoe.com

mgyoe.com SAMPLE BOOK

# တစ်ရှုပ်ရှင်း၍ တစ်ရှုပ်ထွက်

မင်းသုဝဏ်

တစ်နံနက်ခင်းတွင် ကျွန်ုပ်စာဖတ်နေခိုက် လူငယ်တစ်ယောက် အိမ်ထဲ ဝင်လာပြီးလျှင် စာအုပ်တစ်အုပ်ပေးပါသည်။ ကျွန်ုပ်ကလည်း ထုံးစံအတိုင်း မှတ်မိသလိုရှိသော်လည်း ဝိုးတိုးဝါးတားဖြစ်နေသည်။ ထို့ကြောင့် ခဏနေလျှင် အမှတ်ရမည်အထင်နှင့် "ထိုင်ပါဦး" ဟုဆိုသည်။ လူငယ်ကားမထိုင်ပါ။ နောက်မှ "ကျွန်တော် လာပါဦးမည်"ဟု ဆို၍ ထွက်သွားသည်။ သူ ပေးသွားသော စာအုပ်မှာကား မောင်စိန်ဝင်း(ပုတီးကုန်း)၏ "သောကခြေရာ ရတနာကဗျာများ" ဖြစ်ပါသည်။

ရနိုင်သည့်စက္ကူမျိုးတွင် ဖြစ်နိုင်သည့်နည်းနှင့် ပုံနှိပ်ချုပ်လုပ်ထားသော စာအုပ်ကလေးမှာ အလှရတနာလေးတစ်ရပ်ဖြစ်ပါသည်။ အနှစ်နှစ် အလလက စိတ်ရှည်လက်ရှည်နှင့် သီကုံးဖွဲ့ခဲ့၍ ခက်ခက်ခဲခဲနှင့် ပုံနှိပ်စာအုပ်ဘဝရောက်အောင် ကြိုးပမ်းနိုင်ခဲ့သည်ကို ကျွန်ုပ် များစွာအံ့သြမိသည်။ ဝမ်းသာမိသည်။ ချီးကျူးမိသည်။ ကဗျာစာအုပ်တစ်အုပ်ကို တန်ဖိုး တစ်ဆယ့်ငါးကျပ်။ ရောင်း၍ကုန်လျှင် အကျိုးရှိကောင်း ရှိမည်။ သို့သော်လည်း ကုန်ပါမည်လား. . .။ သံသယ. . .။ သို့ဖြင့် စာအုပ်ကို ဖွင့်၍ ဖတ်ကြည့်သည်။

ကျွန်ုပ်ကသာလျှင် ဤစာအုပ်ကို ထုတ်ရ၍ မောင်စိန်ဝင်း ကိုယ်စိတ်နှစ်ပါး ဆင်းရဲလိမ့်မည် ထင်သည်။ မောင်စိန်ဝင်းကတော့. . .

"ကဗျာများကို ပြန်လည်စုစည်းခြင်း၊ အထပ်ထပ် ဖတ်ရှုရွေး

mgyoe.com SAMPLE BOOK

ချယ်ခြင်း၊ အထားအသို အစီအစဉ်ရေးဆွဲခြင်းများကို အကြိမ်ကြိမ် ပြုလုပ်၍ ချစ်သူမျက်နှာကဲ့သို့ ကဗျာများကို ထာဝရ ထိတွေ့ ကြည့်ရှုနေမိပြန်၏။ ကြည်နူးကျေနပ်စွာ ရင်ခုန်ခံစားနေရသဖြင့် ကဗျာစာအုပ်ထုတ်ရသော အလုပ်ကို ချစ်သူနှင့် တွေ့ရသကဲ့သို့ ထင်လာမိပြန်ပါသည်”တဲ့။

သူ့အမှာစာမှာ ဥဒါန်းကျူးထားပါသည်။ တက်လူတစ်ဦးနှင့် ကျလူအဘိုးကြီးအို ခါးကုန်းကုန်းတစ်ဦးတို့၏ သဘာဝခြားနားချက်ကို ထိုအခါ ကျွန်ုပ် သဘောပေါက်မိပါသည်။

သူ၏ ကဗျာများကို

(၁) လွမ်းဆွတ်ကြေကွဲခြင်းဝေဒနာ ကဗျာတို့ကိုတစ်ပိုင်း၊

(၂) အိမ်ထောင်သည်ဘဝ ကဗျာတို့ကိုတစ်ပိုင်း၊

(၃) ဘဝအတွေ့အကြုံ အကျိုးပြုကဗျာတို့ကို တစ်ပိုင်းဟူ၍ သုံးပိုင်းခွဲထားသည်။

ပထမပိုင်းကို ဖတ်မိသောအခါ မောင်စိန်ဝင်းကို သနားလာသည်။ သူ့ဘဝသည် သောကတွေ ဗရပွနှင့်ပါကလား။ အင်မတန် ရုန်းကန်ရပါကလား။ ယင်းသောကတွေ ပင်လယ်ဝေသည့်အထဲမှ မောင်စိန်ဝင်း လွတ်မြောက်ပါစေဟု ဆုတောင်းလိုက်မိသည်။ ထိုခဏဌာပင် ကျွန်ုပ် ပြေး၍ သတိရမိပြန်သည်။

တစ်ခါတုန်းက ကျွန်ုပ်မိတ်ဆွေ ပါမောက္ခဟောင်းတစ်ဦးက ကျွန်ုပ်၏ ကဗျာတစ်ပုဒ်ကို ဖတ်၍ပြောလာသည်။

“ခင်ဗျား. . . သည်အလွမ်းအဆွေးဒုက္ခတွေထဲက လွတ်မြောက်ပါစေလို့ ဆုတောင်းပါတယ်။ ဒါပေမဲ့ အဲသည်လို လွတ်မြောက်သွားလျှင် ကဗျာရေးနိုင်ပါတော့မလား မသိ” တဲ့။

သူပြောသော စကားများ ဟုတ်ပေမလား၊ သံသယ. . .။

သို့သော်လည်း ကံကောင်းထောက်မ၍ ကျွန်ုပ် ထိုဒုက္ခတို့မှ လွတ်မြောက်ခဲ့သည်။ သူ့ဆုတောင်းပြည့်သွားပါသည်။ သာဓုခေါ်လိုက်ပါ၏။ သူ၏ကဗျာ ရေးနိုင်ပါတော့မလားဆိုသည့် ယုံမှားချက်ကား အကောင်အထည်ပေါ်မလာပါ။ ဒုက္ခတွေမှ ကဗျာရေးနိုင်မည်ဟု ကျွန်ုပ်လည်း


mgyoe.com

mgyoe.com SAMPLE BOOK

ငယ်ရွယ်စဉ်က ထင်ခဲ့မိပါသည်။ ဤအထင်သည် ငယ်ရွယ်သော ဘဝတွင် ကျန်ခဲ့ပါသည်။ ကဗျာရသကား သိင်္ဂါရ ရသနှင့် ကရုဏာရသသာလျှင် ရှိမည်မဟုတ်။ ဟာသ – ရယ်ရွှင်ခြင်း၊ ရုဒ္ဒ – ကြမ်းကြုတ်ခြင်း၊ ဝီရ – ရဲရင့်ခြင်း၊ ဘယာနက –ကြောက်ရွံ့ခြင်း၊ ဝိဘစ္ဆ– စက်ဆုပ်ခြင်း၊ အဗ္ဘုတ–အံ့သြခြင်း၊ သန္တ– ငြိမ်သက် အေးချမ်းခြင်းဆိုသော ရသများလည်း ရှိသေးသည်။ ကဗျာဝါသနာထုံသူသည် သိင်္ဂါရ ရသစက်ကွင်းမှ လွတ်မြောက်သွားသောအခါ ကျန်သော ရသတို့အကြားတွင် ကျက်စားသွားလာကာ သန္တဘက်သို့ တဖြည်းဖြည်း ကူးပြောင်းတော့သည်ကို ကျွန်ုပ်တွေ့မိပါသည်။ ဘဝရုန်းကန်မှုတို့တွင် ထိုရသတို့ကို မခံစားရဘဲ နေနိုင်ပါမည်လား။

ထိုနည်းတူစွာ ကျွန်ုပ်က မောင်စိန်ဝင်းကို သောကပင်လယ်ထဲမှ လွတ်ကင်းပါစေဟု ဆုတောင်းမိသော်လည်း သူ၏ကဗျာပန်းကား ညှိုးနွမ်းသွားသည် မဟုတ်။ သူ့စာအုပ်၏ ဒုတိယပိုင်းနှင့် တတိယပိုင်းတွင် အခြားရသများ လွှမ်းမိုးနေသည်ကို တွေ့ရခြင်းဖြင့် မောင်စိန်ဝင်းသည် ပထမစည်းရိုးကို ခုန်ကျော်နိုင်ခဲ့ပါပြီဟု တွေးမိပါသည်။

သို့ဖြင့် မောင်စိန်ဝင်း၏ "သောကခြေရာ ရတနာကဗျာများ" စာအုပ်သည် ကျွန်ုပ်၏ ဦးခေါင်းထဲတွင် ပုံတင်ထပ် ကျန်ရစ်ခဲ့ပါသည်။ သတိထားသည် မဟုတ်ပါဘဲနှင့် ပုံတင်ထပ် ကျန်ရစ်ခဲ့ခြင်းဖြစ်ပါသည်။ မောင်စိန်ဝင်းက ဝါသနာပါလို့ ကဗျာတွေ၊ ဝတ္ထုတွေ ရေးနေပေမယ့် သူ့အသက်မွေးဝမ်းကျောင်းသည်ကတော့ စက်ပစ္စည်းစက်ရုံမှာ တာဝန်ထမ်းဆောင်နေသော အင်ဂျင်နီယာတစ်ဦးဖြစ်သည်။ သူ့ကဗျာများကို တစ်စုတစ်စည်းတည်း ယခုဖတ်ဖူးပြီ။ သူ့ဘဝဖြစ်စဉ်နှင့် သူ့စာပေသဘောတရားကို သိရလျှင် ကောင်းမည်။ ဤသို့တွေး၍ ဝင်းငြိမ်း၏တွေ့ဆုံခန်းကိုဖတ်သည်။ မောင်စိန်ဝင်းသည် ၁၉၆၅ ခုနှစ် (နှစ်၂၀ကျော်အခါ) အသက်တစ်ဆယ့်ငါးနှစ်အရွယ်တွင် "လယ်တောသူ စေတနာ"ခေါ်သော ကဗျာကို ရုပ်ရှင်အောင်လံသို့ ပေးပို့ဖော်ပြခဲ့သည်မှစ၍ စာပေလောကထဲကို ဝင်ခဲ့သည်ဟု သိရသည်။ စာပေသမ္ဘာ မနုတော့ပြီ။


mgyoe.com

mgyoe.com SAMPLE BOOK

သူ့အကြောင်းကို သူ ပြောပြရာတွင် မောင်စိန်ဝင်းတွင် ကြည်ညို စရာကောင်းသည့်အချက်မှာ သူ့အတွက် စာပေမျိုးစေ့ ချပေးခဲ့သည့် သူ့ဆရာများအကြောင်းကို အမည်နာမ ဖော်ထုတ်ကာ တင်ပြခြင်းဖြစ်ပါ သည်။ သူ၏ "သောကခြေရာ ရတနာကဗျာများ" စာအုပ်အစတွင် သူပူဇော်ကန်တော့လိုက်သော ပုဂ္ဂိုလ်တို့ကို ယခု ဤတွေ့ဆုံခန်းတွင် မောင်စိန်ဝင်း အကျယ်တဝင့် ဖွင့်ဆိုလိုက်ခြင်း ဖြစ်ပါသည်။

"လူကလေးရဲ့ အိပ်ချိန်တန်၊ ဗျိုင်းရှေ့က ပျံ၊ လူကလေးရဲ့အိပ်ချင် ဘူး၊ ဗျိုင်းရှေ့က မြူး"ဟု အဘွား၏ရင်ခွင်တွင် သားချော့ကဗျာကို ကြား ခဲ့သည်မှစ၍ "ချိုးနှစ်ကောင်၊ ထနောင်းပင်ညီနောင်"ကဗျာ၊ "မိုးရေတက်ကျ ရေ တဖွေးဖွေး" ကဗျာတို့နှင့် တဖြည်းဖြည်း ကြီးလာကာ ကဗျာတောတွင် လှည့်လည်သီဆို ကျက်စားရင်း မြန်မာစကားပြေ အကောင်းအလှတို့ကို နှစ်သက်လာသည်။ အကျယ်တဝင့်ကိုကား ဝင်းငြိမ်း၏ တွေ့ဆုံခန်းစာမူ တွင် ဖတ်ကြည့်နိုင်ကြပါသည်။ ဤတွင် ကျွန်ုပ်တင်ပြလိုသည်မှာကား မောင်စိန်ဝင်းအတွက် အနှောင့်အယှက်တစ်ခုဖြစ်နေသည့် အချက် တစ်ရပ်အကြောင်း ဖြစ်ပါသည်။ မောင်စိန်ဝင်းက ရေးသည် –

"ဒီမှာ အသံသာပြီး စွဲလမ်းသွားမိတဲ့ ကဗျာတစ်ပုဒ်အကြောင်း လည်း အလျဉ်းသင့်သလို ပြောချင်ပါတယ်။ ကျွန်တော့်သူငယ်ချင်း အောင်ဝင်း ဆိုတာရှိပါတယ်။ သူက ကျောင်းအသွားအပြန်မှာ ဒီကဗျာကို အော် အော်ပြီး ဆိုတတ်ပါတယ်။ အသံနေ အသံထားနဲ့ ဆိုပါတယ်။ နားထောင်ကောင်းကောင်းနဲ့ နားထောင်ရင်း ဒီကဗျာကို ကျွန်တော်ပါ အလွတ်ရသွားတော့တာပါ။ အကြောင်းအရာကလည်း ကျွန်တော်တို့ တောမှာ မြင်နေကျ၊ တွေ့နေကျ မြင်ကွင်းတစ်ခုဆိုတော့ မျက်လုံးထဲမှာ ထင်ထင်ရှားရှား မြင်မိသလိုပါပဲ။

ဒီကနေ့အထိ ဒီကဗျာကို ဘယ်စာအုပ်စာတမ်းထဲမှာ ပါခဲ့တယ် ဆိုတာလည်း ကျွန်တော် မသိပါဘူး။ ဘယ်သူရေးတယ်ဆိုတာလည်း မသိပါဘူး။ စာအုပ်ထဲကလား၊ ဇာတ်တွေ၊ အငြိမ့်တွေထဲက လူရွှင်တော် ဆိုတဲ့ ခွန်းထောက်ပဲလား။ ကျွန်တော်ကလည်း အောင်ဝင်းကို မေးမ

mgyoe.com

mgyoe.com SAMPLE BOOK

ကြည့်မိဘူး။ ဒါပေမဲ့ ဒီနေ့အထိ ကျွန်တော် ရနေပါတယ်။ ရင်ထဲမှာ စွဲနေပါတယ်. . .” တဲ့။

မောင်စိန်ဝင်း၏ အတွေ့အကြုံ အဖြစ်အပျက် ခံစားချက်များကို ကျွန်ုပ်တို့လည်း တွေ့ကြုံဖြစ်ပျက် ခံစားခဲ့ဖူးသဖြင့် အလွန်သဘောချင်း တိုက်ဆိုင်နေပါတော့သည်။ ဤတွင် မောင်စိန်ဝင်း မသိလိုက်၊ မမေးလိုက် မိသော အချက်များကို ကျွန်ုပ်က ပြောပြချင်လာပါသည်။ ကိုယ်ရေးကိုယ် တာဖြစ်နေ၍ ပြောပြချင်ခြင်း သက်သက်မဟုတ်ပါ။ ကိုယ်ချင်းစာ၍ ပြောပြ ချင်ခြင်းဖြစ်ပါသည်။ သူတင်ပြသော ကဗျာမှာ အနည်းငယ် အမှတ်မှား နေချက်၊ ချို့တဲ့နေချက်များ ပါနေသည်ကို ပြုပြင်ဖြည့်စွက်၍ အောက်တွင် ဖော်ပြလိုက်ပါသည်။

## မိုးရာသီဘွဲ့

မိုးမဟာ မှောင်ကာညို့
ရောင်ပြာလို့ ခြယ်ဆင်
တောင်ယာအို့ လယ်ပြင်မှာ
ဟယ်၊ နင်၊ ငါ အော် သုံး။

ထွန်တုံးချ မင်္ဂလာကို
ပျော်ရွှင်စွာ ပြုကြတဲ့ ထုံး။

မိုးသည်းလို့ ပြင်းထန်တယ်
ကွင်းအယံ ရေဖုံး
ဖားညည်း ခရုလုံးတွေက
တအုန်းအုန်းဆူအော်။
ကသစ်ပင် ဟိုအကိုင်းဆီက
ကိုရွှေဖျိုး ငါးစောင့်လို့ မျှော်။


mgyoe.com

mgyoe.com
SAMPLE BOOK


တဲအထွက် လှည်းပျက်ပေါ်မှာ
ပဲရှက်ကြော် ချဉ်ဟင်းနှင့်
ကင်ပလင်းတို့ကာကွယ်
စားကြမြိန်ဖွယ်။

တစ်ယောက်က ဖားငယ်ကို
ဆားနယ်ကာ ကင်တုန်းကွယ့်လေး။ ။

အထက်ပါ တေးထပ်ကို ၁၉၅၂ ခုနှစ်၊ ဇူလိုင်လထုတ် ဒဂုန်မဂ္ဂဇင်း စာမျက်နှာ ၂၂၆ တွင် တွေ့နိုင်ပါသည်။ ရေးသူမှာ စိန်ဂွန်းပျော် မောင်ဝန် ဖြစ်ပါသည်။ နှစ်ပေါင်း ၅၀ ရှိပါပြီ။ မောင်စိန်ဝင်း၏ သူငယ်ချင်း မောင်အောင်ဝင်း ဤတေးထပ်ကို ဒဂုန်မဂ္ဂဇင်းက ရသလား။ သို့တည်း မဟုတ်၊ လူကြီးတစ်ဦးဦးထံက ရသလား။ စဉ်းစားစရာ ဖြစ်လာပြန်ပါ သည်။ သည်တွင် ကျွန်ုပ်တင်ပြလိုသည်မှာ သည်တေးထပ်ကို ၁၉၅၄ ခုနှစ်၊ ဇွန်လထုတ် မြဝတီမဂ္ဂဇင်းအစတွင် ဒုတိယအကြိမ် ဖော်ပြထား ခြင်းဖြစ်ပါသည်။ မောင်အောင်ဝင်း မြဝတီက ရသလား။ မြဝတီ ထွက်စဉ် က မောင်အောင်ဝင်းမှာ လေးငါးနှစ်သားအရွယ်မျှ ရှိဦးမည်။ မောင်စိန်ဝင်း သိလိုသော အချက်တို့ကို ကျွန်ုပ် ဖြေနိုင်သော်လည်း၊ ယခု ကျွန်ုပ် သိလို သော အချက်ကိုကား မောင်အောင်ဝင်း ဖြေမှ ဖြစ်လေတော့မည်။

**မင်းသုဝဏ်**

**ပေဖူးလွှာ မဂ္ဂဇင်း။**

**၁၉၈၆ ခုနှစ်၊ ဒီဇင်ဘာလ။**

▪ ▪ ▪


mgyoe.com

mgyoe.com SAMPLE BOOK

# မောင်စိန်ဝင်း၏ သောကခြေရာ

**အောင်သင်း**

မောင်စိန်ဝင်း(ပုတီးကုန်း)၏ "သောကခြေရာ ရတနာကဗျာ"များ အကြောင်းကို ဆောင်းပါးရေးတော့မည် လုပ်ကာမှ ဖျတ်ခနဲ သတိရလိုက်မိတာတစ်ခု ရှိပါသည်။ ကျွန်တော်သည် ဟိုကဗျာတစ်ပုဒ်၊ သည်ကဗျာတစ်ပုဒ် စသည်ဖြင့် ကဗျာကလေးတွေအကြောင်းကို ဆောင်းပါးတိုထွာရေးခဲ့ဖူးပါသည်။ သို့သော် ကဗျာစာအုပ် တစ်အုပ်တလေအကြောင်းကို တစ်ခါမျှ မရေးခဲ့ဖူးပါ။ ထိုမျှမက ဝတ္ထုစာအုပ်များအတွက် အမှာစာ ရေးပေးခဲ့ဖူးသော်လည်း ဘယ်ဝတ္ထုစာအုပ်ကိုမျှ ဆောင်းပါးအဖြစ် ဝေဖန်သုံးသပ်ခြင်း မပြုခဲ့သေးကြောင်းကို သတိရမိပြန်ပါသည်။ ထို့ကြောင့် ယခုဆောင်းပါးသည် စာတစ်အုပ်ကို သုံးသပ်ဝေဖန်သည့် ပထမဆုံး ဆောင်းပါးဖြစ်သည်ဟု ဆိုပါတော့မည်။

"သောကခြေရာ ရတနာ"တွင် ကဗျာအပုဒ်ပေါင်း ၁၅၀ ကျော် ပါဝင်ပါသည်။ ကဗျာများကို အပိုင်းသုံးပိုင်းခွဲ၍ စုစည်းထားပါသည်။

အပိုင်း(၁)တွင် အချစ်ကြောင့် ရင်ခုန်လွမ်းမောမှုများ၊ အပိုင်း(၂) တွင် ဘဝနှင့် အချစ်အိမ်ထောင်ရေးများ၊ အပိုင်း(၃)တွင် လုပ်ငန်းဝန်းကျင်


mgyoe.com

mgyoe.com SAMPLE BOOK 

အတွေ့အကြုံ ခံစားမှုများ ဖြစ်သည်။

စာမျက်နှာ(၂၀၀)ကျော်၊ အဖုံးမှစ၍ အပြင်အဆင် လှလှပပ သပ်သပ်ရပ်ရပ် ရှိသည်။ အုပ်ရေကို ကြည့်လိုက်တော့ သုံးထောင်တဲ့။ ကျွန်တော် အတော်လေး အံ့ဩသွားမိပါသည်။ ဝတ္ထုများပင်လျှင် များသောအားဖြင့် နှစ်ထောင်လောက်သာ ရိုက်လေ့ရှိကြသည်။ ကဗျာစာအုပ်ဆိုလျှင် တစ်ထောင်လောက်ကို အရှုံးခံပြီး ရိုက်လျက် "ငါးရာကတော့ လက်ဆောင်ပေးလိုက်တာပေါ့ဗျာ"ဟုရယ်ကာမောကာ ပြောပြီး ကိုယ့်ကဗျာတွေကို စာအုပ်ကလေးဖြစ်သွားလျှင်တော်ပြီဟု အောက်မေ့ကြရသည်။ ဤသို့သောအခါမျိုးတွင် အုပ်ရေသုံးထောင် ရိုက်သည်ဆိုတော့ ကျွန်တော်တကယ် အံ့အားသင့်သွားမိသည်မှာ အမှန်ပင် ဖြစ်ပါသည်။

မောင်စိန်ဝင်းလည်း နှစ်ထောင့်ငါးရာလောက်က လက်ဆောင်များ ပေးပစ်လိုက်ရသလားဟု တွေးပြီး ပြုံးလိုက်မိသေးသည်။ နောက်မှ နီးစပ်ရာ စာသမားများကို မေးကြည့်လိုက်တော့ နှစ်ရာ၊ သုံးရာလောက်ပဲကျန်သည်။ ဒါလည်း မကြာမီ ကုန်သွားမည်သာ ဖြစ်သည်ဟု ကြားရသည်။

သည့်ထက်ပိုပြီး အံ့ဩစရာကောင်းသည်က "သောကခြေရာ ရတနာ"ကဗျာစာအုပ်ကို အငှားဆိုင်တွင် တင်ကြသည်ဟူသော သတင်းပင် ဖြစ်သည်။ နောက် မေးကြည့်တော့ တကယ်ကို တင်ကြခြင်းဖြစ်သည်။ စာဖတ်ပရိသတ်က တောင်းဆို၍ အငှားဆိုင်များက တင်ကြခြင်းဖြစ်သည်။ အငှားဆိုင်တွင် အတင်ခံရသော ပထမဆုံးကဗျာစာအုပ်ဟု မောင်စိန်ဝင်း ဝမ်းမြောက်ထိုက်သည်မှာ အမှန်ဖြစ်သည်။

ဘာကြောင့် ဤသို့ အငှားဆိုင် စာဖတ်ပရိသတ်က ဤကဗျာ စာအုပ်ကို စိတ်ဝင်စားကြသလဲဟု မေးလိုက်လျှင် မောင်စိန်ဝင်း၏ဝတ္ထုများက လမ်းကြောင်းသွယ် မိတ်ဆက်ပေးထားခဲ့သောကြောင့် ဖြစ်သည်ဟုလည်း ဆိုနိုင်ဖွယ်ရှိသည်။ မောင်စိန်ဝင်းသည် စာပေလောကသို့ ကဗျာနှင့် စတင် ဝင်ရောက်လာခြင်းဖြစ်သည်။ သူ၏တွေ့ကြုံခံစားမှုများကို ကဗျာဖွဲ့

 mgyoe.com

mgyoe.com SAMPLE BOOK

၍ ဖော်ထုတ်ခဲ့သည်။ နောက်မှ ထိုအတွေ့အကြုံခံစားမှုများကို ဝတ္ထုဖွဲ့ဟန် ရှိသည်။ ထို့ကြောင့် သူ့ဝတ္ထုအတော်များများသည် သူ့ကဗျာများ၏ ဋီကာဖြစ်သည်ဟု ဆိုရမည်ကဲ့သို့ ရှိသည်။ ထို့ကြောင့် သူ့ဝတ္ထုများတွင် သူ့ကဗျာအပိုင်းအစများသည် "ဇာတ်ဝင်သီချင်း" ကဲ့သို့ အသုံးတော်ခံလေ့ ရှိတတ်သည်။ အချို့ဝတ္ထုအမည်များမှာ သူ့ကဗျာ အမည်များကိုပင် တိုက်ရိုက် သုံးစွဲထားသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် ဝတ္ထုဖတ် ပရိသတ်သည် သူ့ကဗျာများကို ဝတ္ထုဖတ်ရင်း ရင်းနှီးလာခဲ့ရသည်။ နှစ်သက်ခဲ့ကြသည်။ သူ့ကဗျာစာအုပ် ဤမျှ တွင်ကျယ်လာခြင်းမှာ သူ့ဝတ္ထုများ၏ ကျေးဇူးကြောင့်ဟု ဆိုသင့်သည်မှာ အမှန်ပင်ဖြစ်သည်။

ဤသို့ဆိုလိုက်သောကြောင့် မောင်စိန်ဝင်း၏ကဗျာများကို အများကြိုက် အပေါ်စားကဗျာများဖြစ်သည်ဟုကား မဆိုလိုက်ပါလေလင့်။ အကြောင်းက ဝတ္ထုရေးရာတွင် ဇာတ်လမ်း၊ ဇာတ်ကွက်၊ အကြောင်းအရာ စသည်အားဖြင့် လူကြိုက်များသော ပုံစံကို အတုခိုး၍ လုပ်ကြံရေးသားပြီး နာမည်ကြီးအောင်၊ ငွေရအောင် လုပ်လို့ ရနိုင်သည်။ ယခင်ကလည်း ထိုသို့သော ဝတ္ထုဆရာများ ရှိခဲ့သည်။ ယခုလည်း ရှိနေသည်။ နောင်တွင်လည်း ရှိနေဦးမည်ဖြစ်သည်။ လူကြိုက်များသော နာမည်ကြီးသော ဝတ္ထုများ၏ဇာတ်လမ်း၊ ဇာတ်ကွက်၊ ရေးဟန် စသည်တို့ကို အတုခိုးပြီး ရေးကြသောကြောင့် ထိုသို့သော ပေါ်ပင်ဝတ္ထုဆရာများကို "ဝတ္ထုဆရာ အတုများ"ဟု ခေါ်မည်ဆိုလျှင် ခေါ်နိုင်သည်။

ကဗျာတွင်ကား ထိုသို့မဟုတ်။ ကဗျာကောင်း၊ ကဗျာညံ့သာလျှင် ကွာခြားနိုင်သည်။ လူကြိုက်များသော၊ ခေတ်စားနေသော ကဗျာအမျိုးအစားဟူ၍ မရှိ။ ပင်ကို ပါရမီ မပါဘဲ သူများ ရေးတာတွေကို အတုခိုးပြီး ရေးလို့ ကဗျာကောင်း ဘယ်တော့မှ မဖြစ်နိုင်။ လေးလုံးစပ်နှင့်ပဲ ရေးရေး၊ လေးချိုးနှင့်ပဲ ရေးရေး၊ ရကန်ပုံစံနှင့်ပဲ ရေးရေး၊ တကယ် ကောင်းပြီဆိုလျှင် " အသံရော အနက်ပါ " နှစ်မျိုးစလုံးက ကဗျာချစ်တတ်သူ၏


mgyoe.com

mgyoe.com SAMPLE BOOK 

နှလုံးသားကို ဝှန်းခနဲ ပြေးဆောင့်လိုက်သည်သာ ဖြစ်သည်။ "အသံအလှ၊ အနက်အလှ" ကို ကျကျနန အသုံးမချနိုင်ဘဲ ကဗျာကောင်း ဘယ်တော့မှ မဖြစ်နိုင်ဟု ကျွန်တော် ယုံပါသည်။ သည့်ထက် ဆိုလိုက်ရလျှင် "ပါရမီ မပါဘဲ အောင်မြင်သော ကဗျာဆရာ မဖြစ်နိုင်"ဟု ပြောလိုက်ချင်ပါသည်။

ထို့ကြောင့် "ကဗျာလမ်းကြောင်းတွင် အများကြိုက် အပေါ်စား လမ်းကြောင်းဟူ၍ မရှိ။ ကဗျာကောင်းတို့မည်သည် အတုအပ ဘယ်တော့မှမဟုတ်"ဟု ပြောလိုက်ချင်ပါသည်။ အကြောင်းမှာ ခံစားမှုတွင် အတုအပ မရှိသောကြောင့်တည်း။

မောင်စိန်ဝင်း၏ ဝတ္ထုများကြောင့် ပရိသတ်က သူ၏ကဗျာများကို စိတ်ဝင်စားကြသည်။ ထိုပရိသတ်သည် ပေါ်ပင်ဝတ္ထုဖတ် ပရိသတ် ဖြစ်သည်။ ထို့ကြောင့် သူ၏ကဗျာများသည်လည်း ပေါ်ပင်အများကြိုက် ကဗျာများ ဖြစ်သည်ဟု မဆိုစကောင်း။ သူ့ဝတ္ထုများကို ပေါ်ပင် အများကြိုက်ဝတ္ထုများ ဟု စာတန်းထိုးလိုလျှင် သီးခြားလေ့လာပြီးမှ စနစ်တကျ ပြောရမည်ဖြစ်သည်။ သူ့ဝတ္ထုတွေက ဘာတွေပဲဖြစ်နေနေ၊ ကဗျာဆိုသည်မှာ ပေါ်ပင် လူကြိုက်များနိုင်သည့်အရာမျိုး မဟုတ်။ အများ ပရိသတ်က တကယ် ကြိုက်ပြီဆိုလျှင် တကယ်ကို ကောင်းသောကြောင့် ကြိုက်ကြခြင်းဖြစ်သည်။ ကျွန်တော် ဤသို့ ယူဆမိပါသည်။

ကျွန်တော်၏တွေးဆချက်ကို ပြောရမည်ဆိုပါလျှင် ကဗျာကောင်း တစ်ပုဒ် ပေါ်ပေါက်လာရန်အတွက် အချက်သုံးချက်လိုသည်ဟု ထင်မိပါသည်။

(၁) ကဗျာရေးသူတွင် အတန်အသင့်အားဖြင့် ကဗျာပါရမီ ရှိရပါမည်။

(၂) ရိုးသားရပါမည်။

(၃) ကဗျာလိပ်ပြာ နိုးရပါမည်။

(ဇာတ်သဘင်ဝေါဟာရကို သုံးရလျှင် "လမိုင်း"ကပ်ရပါမည်။)


mgyoe.com

mgyoe.com SAMPLE BOOK

ပါရမီဟူသော စကားကို သုံးလိုက်သည့်အတွက် ကြီးကျယ်လေရန်ကောဟု မဆိုပါနှင့်ခင်ဗျား။ ဉာဏ်ပညာ ဘယ်လောက်ပဲ ကြီးနေနေ ကဗျာကောင်းဖြစ်အောင် ဖွဲ့တတ်ဖို့ဆိုသည်မှာ တစ်ကိစ္စဖြစ်ပါသည်။

ရိုးသားမှုဆိုသည်မှာ တကယ် ခံစားမိသည်ကို ရေးဖွဲ့ခြင်း၊ အလိုက်သင့် လူကြားကောင်းအောင် မလုပ်ခြင်း စသည်တို့ကို ဆိုလိုပါသည်။

တကယ် ခံစားမိပါလျက်နှင့်ပင် ကဗျာလိပ်ပြာ မနိုးလျှင် ရေးရသည်ကို လက်မတွေ့နိုင်ဖြစ်တတ်ပါသည်။ ကျည့်ကန်ရှင်ကြီး မေတ္တာစာထဲကလို "ဆေးသမားလည်း သားသေ၊ ဗေဒင်ဆရာလည်း နွားပျောက်၊ ဆောက်သမားလည်း ထွင်းမကောင်း၊ စောင်းသမားလည်း တေးမပီ၊ ပန်းချီသမားလည်း ဟန်မရ"ဆိုသည့် သဘောမျိုးမှာ မည်သူမဆို ကြုံတတ်ပါသည်။

ထိုသုံးချက် ပြည့်စုံမှသာလျှင် ကဗျာကောင်းထွက်နိုင်သည်ဟု ကျွန်တော် ထင်ပါသည်။

မောင်စိန်ဝင်း(ပုတီးကုန်း)၏ ကဗျာတစ်ရာငါးဆယ်လောက်ကို ကျွန်တော် ဖတ်ကြည့်လိုက်သောအခါ သူ့မှာ ပါရမီ(အနည်းအများကို အပထား)ရှိသည်ဟု ကျွန်တော် ဆုံးဖြတ်မိသည်။ ထို့ပြင် ရိုးသားသည်ဟုလည်း ယုံကြည်မိပြန်သည်။ သို့သော် လိပ်ပြာမနိုးသည့် ကဗျာများကိုလည်းတွေ့ရသည်။ ထိုအခါတွင် အခြားသော ကဗျာများ၏အရည်အသွေး အောက်သို့ ကျဆင်းသွားသည်ဟု ကျွန်တော် အကဲဖြတ်မိသည်။ စာဖတ်သူကိုယ်တိုင်(စိတ်ဝင်စားလျှင်)ဖတ်ကြည့်ပြီးပါက ကျွန်တော့်လိုပင် အကဲဖြတ်မိလိမ့်မည် ထင်ပါသည်။

■ ■ ■

သူ့ကဗျာတွေထဲက ကျွန်တော် သဘောကျသော ကဗျာလေးသုံးပုဒ် လောက်ကို တင်ပြလိုက်ပါရစေ။ ပထမဆုံး ကဗျာလေးက "တိတ်တခိုး"တဲ့။


mgyoe.com

mgyoe.com
SAMPLE BOOK


## တိတ်တခိုး

ပန်းပွင့်တယ်ဆိုတာက
သဘာဝပါ ခင်။

အလှကြည့်ခံချင်လို့
ပန်ဆင်ပါရစေ ရည်စူးပြီး
ဖူးပွင့် မဆင်။

ခင် ကြိုက်ရင် အညှာကို ချိုးပြီး
ခင် မြတ်နိုးတော့ ပန်ချင်ပန်ပေါ့
မပန်ချင် ခင် မကြိုက်တော့လည်း
ပစ်လိုက်ပေါ့နော်. . . ခင်
ဆင်ချင်မှ ဆင်ပါတော့. . . ။

ခင်ရယ်. . .
မဆင်လို့ပဲ ပစ်ပစ်
မမြင်လို့ပဲ ပစ်ပစ်
သစ်ရွက်ကြို သစ်ရွက်ကြားက
ခင် သွားရင် ရနံ့ပေး
ခင် မွှေးရင် ပျော်ရွှင်လို့
ခင် မမြင် ခင် မကြည့်ပေမယ့်
ခင် သိရင် ကျေနပ်ပါရဲ့
ရွက်ချပ်စို ကြိုအကြားမှာပဲ
ပွင့်သွားတာပေါ့. . . ။ ။


mgyoe.com

mgyoe.com SAMPLE BOOK

တိတ်တခိုးအချစ်ဆိုသည်မှာ လုလင်ငယ်တို့အဖို့ တစ်ခါမဟုတ် တစ်ခါ ကြုံကြရတတ်မြဲဖြစ်သည်ဟု ဆိုချင်ပါသည်။ ချစ်သူနှင့်နီးစပ်၊ လှမ်းမီရန် မလွယ်လှသောအခါမျိုးတွင် မိမိ၏ တိတ်တခိုးအချစ်ကိုပင် ချိုမြအောင် စိတ်ကူးပြောင်းလျက် အဆွေးငွေ့ မကင်းသော မေတ္တာစိတ်ဖြင့် ဖြေသိမ့်မိတတ်ကြပါသည်။ အလွန် သန့်စင်သော အချစ်လည်းဖြစ်ပါသည်။

"တိတ်တခိုး"သည် ထိုခံစားမှုကို ဖော်နိုင်ပါသည်။ "အဆွေးချစ်"ကို ချိုမြွေအောင် ရေးဖွဲ့နိုင်ပါသည်။ မောင်စိန်ဝင်း၏ ထူးခြားချက်တစ်ခုမှာ "အသံချိုပြေခြင်း" ဖြစ်ပါသည်။ သူ၏လေသံမှာ ချစ်သူကို (သို့မဟုတ်) ရင်းနှီးသူတစ်ယောက်ကို တီးတိုးညင်သာ စိတ်အားထက်သန်စွာ ပြောပြနေသည့် လေသံမျိုးဖြစ်သည်။ သူ၏အသံ ကာရန်ယူပုံ၊ လေသံသွင်းပုံကို ပြောပြရမည်ဆိုလျှင် သီးခြား ဆောင်းပါးရှည်ကြီးတစ်ပုဒ် ရေးရမည်ဖြစ်ပါသည်။ ဤသို့ ဆိုလိုက်ခြင်းကြောင့် အလွန် ခက်ခဲ နက်နဲလှသည့် ပညာကြီးဟု မထင်လိုက်ပါနှင့်ခင်ဗျား။ ဘယ်သူမဆို"ကဗျာနား"ရှိလျှင် အလွယ် ရွတ်ဖတ်ကြည့်စမ်းပါ။ "ခင်သွားရင် ရန့်ပေး၊ ခင်မွေးရင်ပျော်ရွှင်လို့၊ ခင် မမြင် ခင် မကြည့်ပေမယ့်၊ ခင် သိရင် ကျေနပ်ပါရဲ့"။ အဲဒါမျိုးလေးတွေကို သေသေချာချာ ရွတ်ကြည့်လိုက်မယ်ဆိုပါလျှင် ကျွန်တော်၏ ဆိုလိုချက်ကို စာဖတ်သူ သိနိုင်ပါသည်။

မောင်စိန်ဝင်း၏ အချစ်ကဗျာလေးသည် အလွန် ချစ်စရာကောင်းသည်ဟု ကျွန်တော် အောက်မေ့မိပါသည်။ စာဖတ်သူကို မျှဝေပေးလိုစိတ်လည်း ရှိပါသည်။ သို့သော် ဤဆောင်းပါးတွင် နေရာမပေးနိုင်တော့ပါ။ အခြားကဗျာများကို နေရာပေးရပါလိမ့်ဦးမည်။

■ ■ ■

အချစ်အိပ်မက်တွင် မနစ်မျောဖူးသူဟူ၍ ရှိလိမ့်မည် မထင်ပါ။ အချစ်အိပ်မက်လောက် ကြည်နူးစရာကောင်းသော အရာသည်လည်း မရှိသလောက် ဖြစ်ပါသည်။ သို့သော် အိပ်မက်ဆိုသည်မှာ အိပ်ရာက


mgyoe.com

နှီးတော့လည်း ပျောက်သွားရတော့သည်သာ။ မောင်စိန်ဝင်း အိပ်မက်က နှီးပုံလေးကိုလည်း ကျွန်တော် နှစ်သက်ပါသည်။ "တစ်ခါတုန်းက နေရာဟောင်း"တဲ့။

### တစ်ခါတုန်းက နေရာဟောင်း

အုတ်ခဲရင့်နီ၊ လက်ဖက်ရည်ခွက်
အပေါ်မျက်နှာ၊ ဆီငွေ့ဖြာတင်း
ဆေးပြာချင်းစပ်၊ စကားဖြတ်ခက်
နေ့ရက်များစွာ. . .
အနာဂတ်လေ၊ မရေရာလည်း
ဝမ်းမနည်းသေး၊ ဆွေးနွေးငြင်းခုံ
ဆုံကြ တွေ့ကြ၊ ကာလလေးတွေ။
အင်းလျားရတနာ၊ မာလာသီရိ
ရင်ခုန်ကြည့်များ၊ တွယ်ငြိတပ်မက်
စိတ်စက်မငြိမ်၊ "ပါလာချိန်" တို့
ညှို့ယူဖမ်းစား၊ ညနေများစွာ
"မြနန္ဒာ"
ဂီတာ တယော၊ လွမ်းမောနွဲ့လျ
မြို့မတေးသွား၊ စည်းဝါးသံစဉ်
ညဉ့်ရင်ခွင်ဦ၊ ပွဲတင်လွှမ်းပတ်
မှောင်ရိပ်စပ်က၊ မတ်တတ် နားဆင်
မမြင်ရိုးရိပ်၊ ကြည်နူးစိတ်ဖြစ်
နှင်းဖိတ်စက်လက်၊ ရောင်နီအက်မှ
နှုတ်ဆက်ပြန်လာ၊ ရတနာအင်းလျား
ညများ အသချေ်။



mgyoe.com

m g y o e . c o m SAMPLE BOOK

ကျန်ခဲ့ပြီလေ
ဖိတ်စဉ်ကြေမွ၊ ပြန်မရတော့
ညများ နေ့များ၊ စားဝတ်နေမှု
သိပ်သည်းထုအောက်
မွန်းနစ်ပျောက်ရှ
ညနေတစောင်း၊ သုံးဘီးမောင်းရင်း
ကျောင်းဖွင့်စမှာ၊ ရတနာကို
တစ်ခါရောက်တယ် သူငယ်ချင်း။ ။

သူ့ကဗျာကို ဖတ်နေရင်း ကျွန်တော့်အိပ်မက်တွေက ပြန်ရောက်လာခဲ့ပါသေးသည်။ "ချိုပေါ့ကျ"ဆိုသော အသံတွေ၊ ငြင်းကြခုံကြတာတွေ၊ ဘဝဆိုတာ ဘယ်သို့ ဘယ်ညာစသည်ဖြင့် ကြီးကြီးကျယ်ကျယ် ဆွေးနွေးကြတာတွေကို ပြန်ကြားယောင်မိလိုက်သည်။ မိန်းကလေးအဆောင်တွေရှေ့ သွားပြီး တယောတွေ၊ မယ်ဒလင်တွေနှင့် သီချင်းဆိုကြရတာတွေ၊ သူတို့လေးတွေက အဆောင် အပေါ်ထပ် မှောင်ရိပ်စပ်က နားထောင်ကြတာတွေ၊ အဲဒါတွေအားလုံးကို ပြန်လည် မြင်ယောင်လာမိလိုက်သည်။ အဲဒီနေ့တွေကို ရုတ်တရက် ပြန်ပြီး ကောက်တွေ့လိုက်သကဲ့သို့ ကြည်နူးသွားလိုက်မိသည်။ ပြီးတော့လည်း မောင်စိန်ဝင်း၏ သုံးဘီးကားသံကြောင့် လန့်နိုးသွားရပြန်တော့သည်။ သည်တော့မှ သြော်... သူတို့တစ်တွေလည်း မေမေကြီးတို့၊ အန်တီကြီးတို့၊ ဘွားဘွားကြီးတို့ ဖြစ်နေလောက်ပြီ ထင်ရဲ့ဟု လူကြီးလွမ်း လွမ်းလိုက်မိသည်။

လူငယ်ဘဝ အချစ်အိပ်မက်ထဲက နိုးလိုက်ပြန်တော့လည်း ကြောက်နေလို့ ဘယ်မှာဖြစ်နိုင်ပါမည်လဲ။ တွေ့သမျှ၊ ကြုံသမျှကို ရင်ဆိုင်နိုင်အောင် သတ္တိတွေ မွေးရသည်။ စိတ်အား တင်းရသည်။ မောင်စိန်ဝင်းရဲ့ "နွေထဲမှာ"ဆိုတဲ့ ကဗျာလေးလိုပေါ့... ။

mgyoe.com

mgyoe.com SAMPLE BOOK 

## နွေထဲမှာ

နွေဥတုရဲ့
ကြွေလုလု ဝါရွက်တွေ။
ပတ္တမြားစီ ထက်ယံမြင့်
လက်ပံပွင့်ဝေ။
တပေါင်းနေ
ချောင်းရေကို ငုံ့အသောက်။
အဟောင်းခြွေနွမ်း
ချောင်းရေခန်း
တပေါင်းနေ ကြမ်းပေမယ့်
သပြေပန်း အညွှန့်နီနီတို့
အစွန့်ရှည်ရှည် အနေရဲ
နွေထဲ မကြောက်။ ။

ဆရာမင်းသုဝဏ်၏ "ပျဉ်းမငုတ်တို"ကိုလည်း ပြေးလို့ သတိရလိုက်မိသေးသည်။ ဆရာဇော်ဂျီ၏ "ဗေဒါလမ်း"ထဲက "ဘုတ်မက ချိုချင် ချို၊ ဖျိုင်းညိုက အောက်ချင်အောက်၊ အုန်းညီနောင် စောင်းချင် စောင်း၊ ချောင်းကောက်ချင်ကောက်" ဆိုတာလေးကလည်း နားထဲတွင် မြည်လာလိုက်သေးသည်။

မောင်စိန်ဝင်း၏ ကဗျာလေးကို ပြန်ပြီး ဖတ်ကြည့်လိုက်မိပြန်သည်။ "တပေါင်းနေ၊ ချောင်းရေကိုငုံ့အသောက် ဆိုတာလေးကို အလွန်ချစ်မိသည်။ သည်ဟာမျိုးလေးတွေကြောင့်လည်း မောင်စိန်ဝင်းမှာ ကဗျာပါရမီရှိသည်ဟု ကောက်ချက်ဆွဲလိုက်မိခြင်း ဖြစ်သည်။ သူငယ်ချင်းအချို့က ကျွန်တော့်အား ကာရန်နိုင်သည်၊ စကားလုံးကြွယ်သည်၊ အရေးအစပ် လျင်မြန်သည်ဟု ယူဆကြသောကြောင့် ကဗျာရေးရန် တိုက်တွန်းကြသည်။ ကျွန်တော် မရေး။ "တပေါင်းနေ၊


mgyoe.com

mgyoe.com SAMPLE BOOK

ချောင်းရေကို ငုံ့အသောက်”ဆိုသည့် ကဗျာအတွေးမျိုးက ကျွန်တော့်ထံ လာလေ့မရှိ။ ထိုအတွေးမျိုးက ပါရမီရှိသူတို့ထံကိုသာ သွားလေ့ရှိသည်ကို ကျွန်တော်သိသည်။ ကိုယ့်မှာ မရှိသည့် အရာအတွက် ငိုကြွေးနေလို့ ဖြစ်သည်မဟုတ်။ မောင်စိန်ဝင်းရဲ့ သပြေပန်းတွေလိုပဲ မကြောက်တရားမွေးပြီး ရှိသမျှနှင့် ဘဝကို ရင်ဆိုင်ကြရသည်မှာ ဓမ္မတာပင်ဖြစ်သည်။

ကိုယ့်တစ်ယောက်မှာသာ ဘဝရှိသည် မဟုတ်။ တစ်ပါးသူများမှာလည်း ဘဝရှိသည်ပင်ဖြစ်သည်။ ကိုယ်သာ ရုန်းကန်ရသည် မဟုတ်၊ ကိုယ့်လို ရုန်းကန်နေသူများလည်း အနမတဂ္ဂ။ မိမိမှာ အမာရွတ်ရှိလျှင် သူတစ်ပါး၏ဒဏ်ရာကို နားလည်နိုင်ဖို့တော့ သင့်သည်။ မောင်စိန်ဝင်း နားလည်နိုင်ပါသည်။ သူ့အခွံကို ကြည့်ပါ။

## အခွံ

မေဂျီ လူရည်ချွန်
နို့ဆီခွံဟောင်း
ရောင်းရင် ဝယ်တယ်
လမ်းသွယ် လမ်းကြား
လှည့်လည်သွားလာ
နွမ်းရိစွာလျှင်
ဖခင် အိမ်ပြန်ရောက်သည့်ခိုက် ။
အာဟာရချို့ မအေနို့လည်း
စို့တိုင်းမထွက် နို့မျက်သားငယ်
တစ်ခါလယ်(လည်)သည်
လူရည်ချွန်ဘူးဟောင်း
တောင်းထဲမှဆွဲ၊ လက်ထဲပိုက်ပွေ့


mgyoe.com

mgyoe.com SAMPLE BOOK

မြူးပျော်၍နေ၊ မြင်ရလေသော်
မေဂျီလူရည်ချွန်၊ အခွံတွေကြည့်
သားကိုကြည့်နှင့်၊ မရှိမမျှ
ဘဝအခွံ ဒုက္ခနွံမှ
သောကပွေ့ပိုက် ခံစားလိုက်မိ
ရင်၌ "အခွံ"
ဟောင်းလောင်းဖြစ်။ ။

ကဗျာဆရာသည် သူများမမြင်နိုင်သည်ကို မြင်နိုင်သော တန်ခိုးဣဒ္ဓိပါဒ် ရှိသူမဟုတ်။ လူအားလုံး မြင်ခဲ့ပြီးသားအရာကို နောက်တစ်ခါထပ်ကြည့်မိအောင် ပြုလုပ်နိုင်သူသာ ဖြစ်သည်ဆိုသော စာတိုကလေးကို တွေ့ဖူးပါသည်။ ဘယ်မှာ တွေ့ဖူးသည်ကိုကား မမှတ်မိတော့ပါ။ မောင်စိန်ဝင်းသည် ကျွန်တော်တို့ တွေ့နေ မြင်နေကျ အခွံဝယ်သူတွေကို နောက်တစ်ခါ ပြန်ကြည့်မိအောင် ပြုနိုင်သည်ဟု ကျွန်တော် ထင်မိပါသည်။

သူသည် ယနေ့အခါ အရာထမ်းတစ်ယောက်ဖြစ်လျက် အလုပ်သမားများနှင့် မပြတ်ဆက်ဆံနေရသူဖြစ်သည်။ သူ့ပတ်ဝန်းကျင်က သူ့ကဗျာတွေမှာ ဘယ်လောက်ထင်ဟပ်သလဲ၊ ဘယ်လိုထင်ဟပ်သလဲ၊ သူ ဘယ်လိုခံစားသလဲ အမှတ်မထင် ကြည့်လိုက်မိသည်။

## ရုပ်မြင်သံကြား

(၁)
အစဉ်အလာမပျက်
မင်္ဂလာမနက်လို့
နှုတ်ဆက်လိုက်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

(၂)
မိုးရွာတော့မယ် ဆရာ
အိမ်အမိုးဖာဖို့အတွက်
ခွင့်သုံးရက်လောက် ပေးပါ။

(၃)
အငယ်ကောင်က နေမကောင်း
ကျောင်းတွေက ဖွင့်တော့မှာ
ငွေရှာဖို့အတွက်
လုပ်သက်ခွင့်ယူမယ် ဆရာ။

(၄)
ဘုရားပွဲက ဓာတ်မှာ
ရဟတ်လှည့်လို့ အိပ်ပျက်
ခွင့် နေ့ဝက်တင်ပါရစေ။

(၅)
ပေးသမျှ ကုန်ခြောက်
ကောက်သူကို ဈေးလျှော့သွင်း
လက်ငင်းငွေရပေမယ့်
လခထုတ်ရက်
သက်သာက အကြွေးဖြတ်တော့
ငွေနှစ်ကျပ်ပဲ ကျန်တယ်ဆရာ. . . ။

(၆)
နောက်တစ်နေ့မှာ
အစဉ်အလာမပျက်
မင်္ဂလာမနက်လို့
နှုတ်ဆက်ရဦးမယ်။ ။


mgyoe.com

mgyoe.com SAMPLE BOOK

"ဘုရားပွဲက ဇာတ်မှာ၊ ရဟတ်လှည့်လို့ အိပ်ပျက်၊ ခွင့် နေ့ဝက် တင်ပါရစေ"ဆိုတာကို တွေ့လိုက်ရတော့ ကျွန်တော့်မှာ "သြော်... ကတ်သီးကတ်သတ် ရှာရှာဖွေဖွေ"ဟု တွေးပြီး ကြင်နာပြုံး ပြုံးလိုက်မိသေးသည်။ သို့သော်. . . ဤသို့သော ကတ်သီးကတ်သတ်ကလေးများသည်ပင်လျှင် မောင်စိန်ဝင်း ကဗျာသည် "လက်လုပ်ကဗျာ" မဟုတ်ကြောင်း၊ နှလုံးသားက လုပ်ထားသော ကဗျာဖြစ်ကြောင်းကို ထင်ရှားနေစေပြန်သည်။

"မရဏာနုဿတိ"၊ "မြိတ်၊ ပီလောပီနံ့နှင့် ဟွန်ဒါ" စသည်တို့တွင် ဤသို့သော အသေးစိတ် ပီပြင်မှုများကို ကောင်းကောင်းကြီး ခံစားတွေ့သိနိုင်သည်။ ယခု ဤဆောင်းပါးတွင်ကား မဖော်ပြလိုက်တော့ပါ။

▪ ▪ ▪

မောင်စိန်ဝင်း၏ ကဗျာများသည် အလွန်ရယ်ခဲ ပြုံးခဲလှသည်ဟု ကျွန်တော်ထင်မိပါသည်။ သို့သော် "ခြေရာကောက်" ဟူသော ကဗျာတွင်မူကား သူ၏ ခပ်အုပ်အုပ်ရယ်သံကို ကြားလိုက်ရသလိုလို ထင်လိုက်မိသည်။ ဟုတ်၊ မဟုတ် မသေချာပါ။ စာဖတ်သူပါ ရောပြီး နားစွင့်ကြည့်လိုက်စေချင်ပါသည်။

ခြေရာကောက်

(၁)
လှေကားရင်းမှာ
ဒဏ်ရာ ရသလား။

(၂)
လှေကားအစ
ပထမထစ်
ညိုညစ်ပုပ်လျက်
ဟော. . . တစ်စက်။


mgyoe.com

mgyoe.com SAMPLE BOOK

(၃)
လှေကား၏
ဒုတိယအထစ်
ပန်းရောင်ဖြစ်၏
ကြည့်. . . တစ်စက်။

(၄)
တစ်ထစ်ပြီး တစ်ထစ်
ညစ်ရာမှ ဖျော့
ဖျော့ရာမှ နေ
ရေလိုဖြစ်သွား
ဟော. . .
လှေကားထိပ်မှာ တံခါးတစ်ခု။

(၅)
တံခါးနောက်ကွယ်
အခန်းကျယ်
ဆုံလည်ကုလားထိုင်
တစ်လုံးနဲ့ပါလား။ ။

**အောင်သင်း**
**ပေဖူးလွှာ မဂ္ဂဇင်း။**
**၁၉၈၆ ခုနှစ်၊ ဒီဇင်ဘာလ။**

■ ■ ■


mgyoe.com

mgyoe.com SAMPLE BOOK

## " သောကခြေရာ ရတနာကဗျာ "
## ၁၄ ကြိမ်အတွက် အမှတ်တရစကား

– ၁ –

သောကခြေရာ ကဗျာ ၁၃ ပုဒ်ကို ၁၉၇၀ ပြည့်နှစ်ဝန်းကျင်က တက္ကသိုလ်ကျောင်းသားဘဝမှာ ထုတ်ဝေခဲ့သည်။ ကျောင်းသားဘဝမှာ ပထမဆုံးထုတ်ဝေဖြစ်ခဲ့တာက အေးငွေနှင့် နှစ်ယောက်တွဲပြီး 'နံ့သာရွှေမှုံ' ကဗျာများပါ။ ဒုတိယထုတ်ဖြစ်ခဲ့တာက 'နေဆယ်စင်း လမင်းဆယ်ဆူ' ကဗျာများပါ။ နှစ်အုပ်လုံးက စာဖောင် နှစ်ဖောင်သာ ရှိ၏။

တတိယထုတ်ဖြစ်ခဲ့တဲ့ သောကခြေရာက တစ်ဖောင်သာ ရှိပါသည်။ စာအုပ်ဆိုင်(လှည်းတန်း)မှာ တင်သမျှက အထုပ်လိုက် ပြန်ပေးကြတာချည်းပါပဲ။

တက္ကသိုလ် အာစီထဲက ဆိုင်မှာတော့ အတန်အသင့် ရောင်းရသား။ သူငယ်ချင်းတွေက ပညာရေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊



mgyoe.com

mgyoe.com SAMPLE BOOK

ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွေမှာ စာအုပ်ပိုက်ပြီး တက်တက်ကြွကြွ ရောင်းပေးကြတာ မမေ့နိုင်စရာ။ ရတဲ့ငွေနဲ့ စားကြသောက်ကြ။ စားရင်းချုပ်တော့ ပါလာသည့် ဆွဲကြိုးလေး ပြုတ်။ သူငယ်ချင်း နေမျိုးနိုင် မော်လမြိုင်သားရဲ့ စုဘူးကြီးလည်း ပြောင်။ သူငယ်ချင်း သုံးလေးယောက်ရဲ့ အိမ်က ပို့လိုက်တဲ့ လစာလေးတွေလည်း ပါသွား . . . ။

အဲဒီလို ရှုံးသွပ် ကျေနပ်ခဲ့ရတဲ့ကာလ. . . ။

– ၂ –

ဒီအကြောင်းတွေ ရေးပြရတာကလည်း အလှည့်အပြောင်းရဲ့ အံ့သြစရာကို ပြောချင်မိလို့ပါ။ ကဗျာဆိုတာ ဆိုင်တွေပေါ်မှာ အလွန်မျက်နှာငယ်ရတဲ့ ပစ္စည်းပါလားလို့ ရင်ထဲမှာတော့ မှတ်မှတ်ထင်ထင်။

ဒီလိုနဲ့ ဝတ္ထုလိုင်း ကူးမယ်ဆိုတော့ ကဗျာအနာဂ ပေါ်လာ။ ငါ့ဝတ္ထုပရိသတ်တွေ အားလုံးနီးပါးက ငါ့ကဗျာ ပရိသတ်ဖြစ်စေရမယ်လို့ ဝတ္ထုတိုင်းမှာ ကဗျာထည့်ဖြစ်ပါရော။ ဝတ္ထုအများစုကလည်း ရေးဖြစ်တဲ့ကဗျာတွေက ဖြစ်လာတာမို့ ကဗျာတွေက ဝတ္ထုရဲ့ ဓာတ်ဝင်သီချင်းတွေဖြစ်သွားပေါ့. . . ။

၁၉၈၅ လောက်မှာတော့ ဝတ္ထုတွေက စောင်ရေ အမြင့်ဆုံး ရောက်နေပြီ။ လူသိ များနေပြီ။ ဒါနဲ့ ကဗျာစာအုပ်ထုတ်ဖို့ စီစဉ်ဖြစ်။ ကျောင်းသား ဘဝက ထုတ်ခဲ့တဲ့စာအုပ် သုံးအုပ်ထဲက ကဗျာတွေနဲ့ နောက်ထပ်ရေးဖြစ်တဲ့ကဗျာတွေစုပြီး "သောကခြေရာ ရတနာကဗျာများ" ကို ၁၉၈၆ မှာ ပထမဆုံးအကြိမ် အုပ်ရေ ၃၀၀၀ (သုံးထောင်)ထုတ် ဖြစ်သွားပါသည်။ ရက်ပိုင်းအတွင်းမှာပဲ စာအုပ်က ပြတ်သွားသည်။ အခုခေတ်လို ချက်ချင်း ထပ်ရိုက်ဖို့က မလွယ်။ သည်တုန်းက လုံးချင်းဝတ္ထု


mgyoe.com

mgyoe.com SAMPLE BOOK

စောင်ရေက ၆၀၀၀ (ခြောက်ထောင်)။ အဓိက ပြောပြလိုတာက ကျောင်းသားဘဝက ရေးခဲ့သည့် ကဗျာတွေက အခုကျမှ ပရိသတ်ရင်ထဲ ရောက်သွားခဲ့တာကိုပါ။

– ၃ –

ထုတ်ဝေသူတွေက ကဗျာစာအုပ်ကို ဝတ္ထုစာအုပ်လို ဆယ်အုပ်လာအပ်တာ ကြုံခဲ့ပါရဲ့။ မျက်နှာသာ ပေးချိန်တန်တော့ ဆရာမင်းသုဝဏ်နှင့် ဆရာအောင်သင်းတို့ရဲ့ ဒီကဗျာစာအုပ်နှင့် ပတ်သက်သော ဆောင်းပါးတွေက ပေဖူးလွှာ မဂ္ဂဇင်းမှာ တစ်လတည်း ပြိုင်တူပါလာခဲ့။ သည်တုန်းက ဆရာကြီးများနှင့်လည်း ရင်းနှီးမှု မရှိသေး။

နောက်တော့ စောင်ရေတွေ သောင်းချီပြီး လေး၊ ငါးနှစ် ဆက်တိုက် ထုတ်သွားဖြစ်တော့သည်။ မှတ်မိနေသည်မှာ ကဗျာအချို့ အင်္ဂလိပ်လို ဘာသာပြန်နှင့် တွဲထုတ်ခဲ့သော ဆယ်ကြိမ်မြောက်မှာ စောင်ရေ ငါးထောင်။

အားလုံးတော့ စောင်ရေတစ်သိန်းကျော်ကျော် ရှိမလားပဲ။

၁၃ ကြိမ်မြောက် ထုတ်တဲ့စာအုပ်တွေက စာပေဟောပြောပွဲမှာ ကုန်သလောက်။ ပြန်ရောက်တော့ ၁၄ ကြိမ် ထုတ်မည်တွေးပြီး မထုတ်ဖြစ်တော့. . . ။

အဲဒီလိုနဲ့ ၁၄ ကြိမ်မြောက် သောကခြေရာရတနာ ကဗျာများကို ဟန်သုသော်ရဲ့ ကောင်းဆုသာစာပေတိုက်က ထုတ်ဖြစ်သွားတာပါပဲ။

– ၄ –

ပထမဆုံးအကြိမ် ထုတ်သည့် စာအုပ်မှာ ရေးဖြစ်သည့် ကျွန်တော့် အမှာစာ အစနှင့် အဆုံးကို ဖော်ပြလိုက်ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

သွားလည်းသည်စိတ်၊ စားလည်း သည်စိတ်၊ ရည်းစားစထားစ လူပျိုပေါက်နှယ် ရင်ခုန် လှုပ်ရှားရသော အလုပ်မှာ ကဗျာစာအုပ်ထုတ်ရသော အလုပ်ဟု ကျွန်တော် ထင်ပါသည်။

. . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . .

နောက်ဆုံးတော့ ကဗျာစာအုပ်ထုတ်ဝေခြင်းသည် အိမ်ထောင်ပြုဘုရားတည် ဆေးမင်ရည်စုတ်ထိုးဟူသော အိမ်ထောင်ပြုရခြင်းမျိုးဟုသာ ကျွန်တော် ထင်လိုက်ပါသည်။

– ၅ –

ကျွန်တော် နောက်ထပ် ဘယ်နှကြိမ် အိမ်ထောင်ပြုရဦးမှာပါလဲ။

မောင်စိန်ဝင်း (ပုတီးကုန်း)
၁၂ /၆/ ၂၅

▪ ▪ ▪


mgyoe.com

mgyoe.com
SAMPLE BOOK

# ၁၄ ကြိမ်မြောက် ထုတ်ဝေခြင်းအတွက် ထုတ်ဝေသူ ဝမ်းသာပီတိ

၁၉၈၆ ခုနှစ်၊ ဩဂုတ်လက ပထမအကြိမ်အဖြစ် စတင် ထုတ်ဝေခဲ့တဲ့ 'သောကခြေရာ ရတနာကဗျာများ 'ကဗျာစာအုပ်။ အခု ၂၀၂၅ခုနှစ်၊ ဩဂုတ်လမှာ ၁၄ ကြိမ်အဖြစ် ပြန်လည် ထုတ်ဝေခဲ့တာဆိုရင် နှစ်ပေါင်း ၃၉ နှစ်တောင် ကြာညောင်းခဲ့ပြီ။ နှစ်ပေါင်း ၃၉ နှစ် အတွင်းမှာ ကဗျာအုပ်ရေ တစ်သိန်းကျော်အောင် ပုံနှိပ်ခဲ့ရတဲ့ မြန်မာ့စာပေလောကရဲ့ ရှားရှားပါးပါး ကဗျာစာအုပ်တစ်အုပ်။

နှစ်ကာလအမျိုးမျိုးကို ခေါင်းမော့ ရင်ကော့ကာ ကျော်ဖြတ်ခဲ့တဲ့ ကဗျာစာအုပ်။ မောင်စိန်ဝင်း (ပုတီးကုန်း)နဲ့ သောကခြေရာ ရတနာကဗျာများဆိုတဲ့ ကဗျာစာအုပ်က ခွဲခြားလို့ မရအောင်ဘဲ ကဗျာဆရာနဲ့ ကဗျာစာအုပ်က တစ်သားတည်းဖြစ်ခဲ့တဲ့ ကဗျာစာအုပ်တစ်အုပ်။

ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)ရဲ့ တန်ဖိုးဖြတ်မရအောင် ကဗျာတန်ဖိုးကြီးမားလွန်းတဲ့ သောကခြေရာ ရတနာကဗျာများ ကဗျာစာအုပ်ကို ဆရာက ထုတ်ဝေခွင့် ပေးတာက ကျွန်တော်တို့ ကောင်းဆုသာစာပေအတွက် ဘုရားပေးတဲ့ စာပေဆုလာဘ်ပါပဲ။ အခု ၂၀၂၅ ခုနှစ်မှသည် နောင်နှစ်ပေါင်းများစွာအထိ 'သောကခြေရာ ရတနာကဗျာများ' ဆိုတဲ့ ကဗျာစာအုပ်က ကဗျာချစ်သူတွေရဲ့ နှလုံးသားမှာ အမြဲ ရှင်သန်နေဦးမယ်ဆိုတာ အကြွင်းမဲ့ ယုံကြည်မိပါတယ်။ အခုလို ကဗျာတန်ဖိုး ကြီးမားလွန်းတဲ့ ကဗျာစာအုပ်ကို ထုတ်ဝေခွင့် ရရှိတဲ့အတွက်လည်း အလွန်ပဲ ဝမ်းသာပီတိ ဖြစ်ရပါတယ်ခင်ဗျာ. . . ။ ။


ဦးမိုးဇော်ဟိန်း
ကောင်းဆုသာ စာပေ
၁၈ – ၇ – ၂၀၂၅

■ ■ ■


mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း - ၁ -



mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## ထာဝရ

ပွင့်လျှင်လည်း နမ်း
နွမ်းလျှင်လည်း ကောက်
ခြောက်လျှင်လည်း သိမ်း
တိမ်းညွှတ် တွယ်မက်
သည့်တစ်သက်မှာ
တစ်ပွင့်သာလေ
စွဲလမ်းနေမည်
ဝေဝေကြွေကြွေ မြတ်နိုး၏။ ။

မောင်စိန်ဝင်း ၊ပုတီးကုန်း၊


mgyoe.com

mgyoe.com
SAMPLE BOOK


## စကားမြား

စကားတစ်ခွန်း
ပျားတစ်ဖွန်းလို
ကြည်ချိုမွှေးမြ
ဖေးမသလား။

စကားတစ်လုံး
အဆိပ်ပုံးထင်
နားဝင်မချို
ရန်လိုသလား. . .။

လူပြော မသန်၊ လူသန် မပြော
ဟောသည်မှာ ကြည့်၊ ပစ်ကွင်းထိအောင်
တော်တည့်ဖြောင့်မှန်. . .
ဟိ သစ္စ
အမှန်တရား
စကားမြားသည်
မှားသူ့ရင်ကို စိုက်စေသတည်း။ ။


mgyoe.com

mgyoe.com SAMPLE BOOK

## နေရာသစ်သို့

ခရီး. . .
နီးမည် ဝေးမည်၊ ငါသည် မသိ။
လမ်း. . .
ကြမ်းမည် ကောင်းမည်၊ ငါသည် မတွေး။
ရာသီ. . .
သာမည် ဆိုးမည်၊ ငါသည် မတွက်။

သည်နေရာက၊ ခွာမှ ဖြစ်မည်
ငါ ယုံကြည်၏၊ မိနစ်ထက်ဝက်
ဆက်နေမရ၊ စိတ်ဆန္ဒက
ပြင်းပြ၍သာ၊ ငါထွက်လာခဲ့
ဘာပြင်ဆင်မှု၊ တစ်ခု မရှိ။

အဆီးအတား၊ များလည်း ရှေ့ဆက်
တစ်ရက်မရောက်၊ တစ်လလျှောက်မည်
ပေါက်တဲ့ခရီး၊ တစ်ဆစ်နီးပြီ
ငါ့ယုံကြည်ချက်၊ ငါ့အသက်လေ. . .
ငါ့ယုံကြည်ချက်၊ ငါ့လက်နက်လေ. . .
နေရာဟောင်းမှာ၊ ငါသည်မနေ
သွားရင်း သေအံ့. . .။ ။


mgyoe.com

mgyoe.com SAMPLE BOOK 

## ရာသီတူစက်

နွေနှင့်မိုးကို၊ မနှစ်လိုလို့
ဆောင်းကို တွယ်တာ၊ သုံးရာသီလုံး
နှင်းဖုံးအေးစေ၊ မြူဝေဝေရစ်
အမြဲဖြစ်ရန်၊ ဖန်တီးမည်ဟု
ရာသီတုစက် တီထွင်သည်။

သဘာဝကို၊ ငါက ကြိုးကိုင်
ဖန်တီးနိုင်ပြီ၊ သုံးရာသီလုံး
နှင်းမြူဖုံးအုပ်၊ ဆောင်းသရုပ်ကို
ခလုတ်နှိပ်လိုက် ဖြစ်စေမည်။

သည်အခါ
ရာသီတုဆောင်း၊ မြစ်ချောင်းက ရေ
ခဲနေအောင် အေး၊ ဆိုက်ဘေးရီးယား
ရုရှားလိုလို၊ မော်စကိုက
အောက်တိုဘာလ၊ 'နှင်းလမ်းမ'လို
ဒေသအားလုံး၊ အလှဖုံးစေ
နှင်းတုံးသိုင်းသွယ် ရီဝေဝေ။

အဓိပတိလမ်း၊ နှင်းဖျန်းမိုးလို
စိုအုံ့ဝေဆိုင်း၊ မှိုင်းအုပ်ထူထပ်
ဂျပ်ဆင်ဘက်ဆီ၊ ကြည့်လိုက်သည်တွင်
သစ်ပင်သစ်တန်း၊ နှင်းခိုင်ပန်းဆွဲ
တွဲရရွဲဆင်၊ စပရင်တာ ဂဲလဲင့်စ်
နှင်းဖြူပွင့်လွှမ်း၊ ဒတ်ဆန်း တိုယိုတာ
လူးလာကူးယှက်၊ ဆောင်းမနက်လေ...
ကျက်သရေရှိ ။

အင်းလျားကန်ထဲ၊ ရေခဲပြင်ဖြစ်
ခေတ်မီအလွှာ၊ ပျော်ရာ ဖန်တီး
စကိတ်စီးလိုက်၊ နှစ်ခြိုက်တွယ်မက်
အရက်ဝိုင်စုံ၊ ငုံစုပ်မူးယစ်
ရာသီသစ်ကို၊ လက်ကမ်းကြိုနေ ။

ကြည့်စမ်း ကြည့်စမ်း
အင်းလျားလမ်းဘက်၊ တက္ကသိုလ်ရိပ်သာ
ဝင်ဒါမီယာ၊ သည်မှာ လူတွေ
နှင်းဝေဝေကြား၊ အမွေးဖွားစုတ်
ဦးထုပ်ထူဆောင်း၊ လောင်းကုတ်အင်္ကျီ
ကတ္တီပါ သက္ကလပ်၊ အထပ်ထပ်နှင့်
ကျေနပ်နေကြ၊ အခုမှပဲ
ဥရောပလို၊ ကိုယ်တို့နေရာ
ခေတ်မီလာတယ်...
ရယ်ရင်းနှုတ်ဆက်၊ မနက်ခင်းရဲ့မင်္ဂလာ
ကျေးဇူးတင်လိုက်တာ အင်ဂျင်နီယာ။


mgyoe.com

mgyoe.com SAMPLE BOOK

အင်းလျားလမ်းဘက်၊ တက္ကသိုလ်ရိပ်သာ
ဝင်ဒါမီယာ၊ သည်က ခွာလို့
တောရွာမြို့စွန်၊ မြို့ထွက်လွန်အောင်
တောင်မြောက်ကျေးလက်
ထွက်ကြည့်လိုက်မှ ။

တဲအို တဲပျက်
နှင်းစက်ဝေ့ရာ၊ မကွယ်ကာနိုင်
ယိုင်နဲ့ပြိုလဲ၊ နှင်းခဲဖုံးလွှမ်း
လမ်းမှာ လူပျောက်၊
ကြောက်ဖွယ် ငြိမ်သက်
ဆောင်းမနက်မှာ ။

ရွာလယ်လမ်းထဲ၊ နှင်းခဲတွေကြား
အစားငတ်ပြတ်၊ ခွေးပိန်ကပ်မ
သွေးရပ်အေးခဲ၊ နှင်းစိုရွှဲသေ ။

ခန္ဓာကိုယ်တွင်၊ တင်လွှမ်းခြုံထွေး
အနွေးထည်ကင်း၊ ဆင်းရဲသားရပ်
မေးဆတ်ဆတ်ရိုက်၊ ခိုက်ခိုက်တုန်ချမ်း
နှုတ်ခမ်းပြာရင်း၊ ဟင်း ဟင်း ညည်းသံ
ကြားနေပြန်၏။

အပြန်လမ်းမှာ
ရာသီဥတုစက်
ဖျက်ဆီးရမလား
ဆက်ပြီးထားမလား
လား... လား... လား... နှင့်
စဉ်းစားဒွိဟ
နောက်ဆုံးကျတော့... ။

ဆန်းသစ်တီထွင်
အင်ဂျင်နီယာ
ငါ
သာကေတနှင့် ဒလမှာလေ
ငါမနေ
ရွှေငွေဖြိုးလက်၊ တက္ကသိုလ်ရိပ်သာ
နေသော ငါ
ရာသီဥတုစက်၊ ဖန်ဆင်းချက်ဖြင့်
ကျက်သရေအပေါင်း ခညောင်းဝေ
အောင်ဇေယျတု အောင်စေသော် ။ ။


mgyoe.com

mgyoe.com SAMPLE BOOK

## အရှက်ကြီး

◘ ကလေးများကို
လေးစားစွာ နှုတ်ဆက်
ကောင်းသော မနက်ခင်းပါကွယ်။
ကောင်းကင်ပြာနဲ့
စိမ်းလဲ့လဲ့ မြက်ခင်း
ကစားကွင်းမှာ
မင်းတို့ ပျော်နိုင်ကြပါစေ။

◘ ညအမှောင်ရောက်
လရောင်အောက်မှာ
စိတ်နှောက် ကိုယ်ပါ
ပြေးလွှားကာနေ
ကဗျာရွတ်ရင်း၊ ပုံပြောရင်းနှင့်
မင်းတို့ ကြည်နူးနိုင်ကြပါစေ။

◘ ကလေးတို့ရေ...
မင်းတို့တစ်တွေမှာ
နေရာတစ်ခုအတွက်
ဝေဒနာစုမဖက်
ရမွှက်မရှိ၊ အတွက်မရှိ
အသက်မပြည့်ခင်၊ ရတဲ့အခွင့်အရေး
အရှက်ရှိတတ်တာလည်း
မင်းတို့ ကလေးတွေပါပဲကွယ်။


mgyoe.com

mgyoe.com SAMPLE BOOK

- ဖခင်တို့၏စကား

  အားလုံး အမှန်ထင်
  စံတင်လို့ ရမလား
  ဂန္ထဝင်လို့ ပြမလား
  အမှန်ပြင်လို့ မရတဲ့ အမှားတွေ
  သားတို့အတွက် သင်ခန်းစာ
  ရှင်လန်းစွာနဲ့ ယူတတ်ပါစေ။

- အဖေတို့ရဲ့ မပြည့်စုံသမိုင်း

  သားတိုင်းက ဆက်ရေး
  အသက်သွေးတာဝန်ဆက်
  ရာဇဝင်မျက်နှာအသစ်
  ရှက်စရာ မဖြစ်ဖို့တော့ လိုတယ်နော်။

- ကလေးများကို

  လေးစားစွာ နှုတ်ဆက်
  ကောင်းသော မနက်ခင်းပါကွယ်။ ။


mgyoe.com

mgyoe.com SAMPLE BOOK

## ထာဝရပန်း

သပြေခက်တွေက
နွေရက်မှာ တဝေဝေ။

ပန်းပိတောက်ကိုလည်း
လွမ်းလောက်စရာလို့ ထင်မနေ။

နှစ်သစ်ရဲ့အတာရေ
ဘာတွေကို ဆေးမလဲ။

အရွက်ခြွေချပေမယ့်
အခက်တွေက တဝေဝေနဲ့
လေအလာ၊ ကြွေမှာ မကြောက်သူမို့
ပိတောက်လို ယာယီမနွမ်း
စိန်ပန်းတွေ ရဲ ။ ။



mgyoe.com

mgyoe.com SAMPLE BOOK

## မသိကိန်းတန်ဖိုး

ရာထူးဌာန၊ လစာလုပ်သက်
ရုတ်တရက်မှန်း၊ ကိန်းဂဏန်းတစ်ခု။

ဆောက်လက်စ တိုက်သစ်
ခေတ်ကာလ ငွေကြေး
ကြမ်းခင်းဈေးသတ်မှတ်
နောက်ထပ် ကိန်းဂဏန်းပြု။

ညီမျှခြင်းတစ်ခုမှာ
မသိကိန်းရှာထုတ်
ဂုဏ်ပုဒ္ဓာ
အဖြေ ဘာလဲ
စဉ်းစားဆဲ
အုတ်ခဲသူခိုးနှုတ်က ထွက်။

သူခိုးဆို ဖမ်းမမိ
ဖမ်းလို့မိလျှင် သူခိုးမပီ
အမျိုးအမည် သိမ်နုတ်တဲ့
ကျုပ်က. . . သူဌက်။ ။


mgyoe.com

mgyoe.com SAMPLE BOOK

# သွေးစည်းသူများ

၀ ရှေ့မရောက်
နောက်မဆုတ်
ကျောက်ရုပ်ခြသေ့် တို့မဟုတ်။
၀ လှိုင်းမထန်
မာန်မသွင်း
ကန်တွင်းရေသေ တို့မဟုတ်။
၀ အဆိပ်ဖယ်
အစွယ်ကျိုး
မျက်လှည့်မြွေမျိုး တို့မဟုတ်။
၀ လည်ဆံဖားလျား၊ ဟန်ကြွားကြွားနဲ့
အားပြည့်မာန်ဝင်၊ တောဘုရင်၏
ခြင်္သေ့သတ္တိ၊ တို့မှာ ရှိတယ် ။
၀ ကျောက်ဆောင်ကိုစား၊ ကမ်းပါးကို ဖြို
လိုရာစီးဆင်း၊ ခရီးပြင်းနှင့်
ရေအလျဉ်၏၊ အားအင်လိုမျိုး
တို့ ပိုင်စိုးတယ်။
၀ ထိလျှင် ပေါက်မည့်
မြွေဟောက်လို စိတ်
အဆိပ်ကို ပိုင်
တို့ ရင်ဆိုင်မယ်။
၀ မကြောက်တရားနဲ့
ယောကျ်ားပျော့ မြန်မာ
သွေးစည်းကာ
ကမ္ဘာတုန်ဟည်းသွားစေအံ့။ ။


mgyoe.com

mgyoe.com SAMPLE BOOK

## ငှက်တို့၏ တေး

၀ မလိုက်ရဲရင်လည်း
အသိုက်ထဲမှာပဲ ကျန်ခဲ့လေ။

၀ တစ်နေ့နီးမှာပေါ့
ရှေ့ခရီးမျှော် မာန်တင်းပါကွယ့်
(ငှက်ဆိုတာကတော့. . .) ပျံရင်း သေ။

၀ ကဆုန်စိုင်းသလိုပေါ့
မုန်တိုင်းက ရှေ့မှာမွှေ
တောမီးတွေက ရှေ့မှာဝိုင်း။

၀ ခြသေ့်က မြက်မစား
ကျားက ကြွက်မချောင်း
ဖွတ်တွေက မိကျောင်းလို မနေ
အိုးဝေ. . . အိုးဝေ. . . တွန်သံနှောလေတဲ့
စိမ်းမြညို့ ဟောဟို တောဆီသို့
အမောခံ ဇောမာန်တင်းပါလို့
ပျံရင်းသေ ခရီးဆက်မယ်. . .တဲ့
(အဲဒါ...)
ငှက်တို့ရဲ့ သမိုင်း။ ။


mgyoe.com

mgyoe.com
SAMPLE BOOK

## နှယ်

တစ်ပင်ထဲ(တည်း)
ရင်ထဲက နှယ် ။

ခက်ညွှန့်သန် နုသစ်လို့
ရစ်ပတ်နှောင်တွယ် ။

သံယောဇဉ်ဆိုတာရယ်
နှယ်ကလေး တစ်ပင်ပေါ့ ။

ရာသီတွေ ဘယ်လို ကူးပြောင်းပေမယ့်
ခေါင်းထောင်လို့ ကြော့။ ။


mgyoe.com

mgyoe.com SAMPLE BOOK

## မင်းနေခဲ့တဲ့ အိမ်ကလေး

တွေ့ဆုံခြင်း အိမ်ကလေးထဲမှာ
ကဗျာငှက်ကလေး ရှိပါတယ်။

တွေ့ဆုံခြင်း အိမ်ကလေးထဲမှာ
မေတ္တာရေအိုးကလေး ရှိပါတယ်။

တွေ့ဆုံခြင်း အိမ်ကလေးထဲမှာ
သစ္စာပန်းအိုးကလေး ရှိပါတယ်။

တွေ့ဆုံခြင်း အိမ်ကလေးထဲမှာ
အကြင်နာဆည်းလည်းကလေး ရှိပါတယ်။

သည်အိမ်ကလေးကို
ဆေးအစိမ်းသုတ်၊ ရုတ်တရက်လေ
မေ စွန့်ခွာထွက်
ကဗျာငှက် သေ၊
ရေအိုးကလေး ကွဲ၊
ဆည်းလည်းကလေး ပျောက်၊
အလွမ်းဆိုတဲ့ မှုန်ကလေး ရောက်လာတယ်။ ။


mgyoe.com

mgyoe.com
SAMPLE BOOK


## အချစ်ဦး

တစ်သက်တစ်ခါ၊ တစ်လှာတစ်ရွက်
တစ်ခက်တစ်ပွင့်၊ ငုံအဆင့်မို့
ရင့်လိုပဲ ဝါဝါ
ညှာတံပဲ ပြုတ်ပြုတ်
ဖြုတ်ခနဲပဲ ကြွေကြွေ
မြေမှာပဲ ရောက်ရောက်
ဖွဖွလေး ကောက်လို့
ပန်းခြောက်ကလေးပဲ မြတ်နိုးမယ်။ ။


mgyoe.com

mgyoe.com SAMPLE BOOK

## နေဆယ်စင်း လမင်းဆယ်ဆူ

တစ်ခါတလေ
နေဆယ်စင်းလို၊ ပူပြင်းတယ် ခင် ။
တစ်ခါတစ်ခါ
ရင်မှာ ရွှင်ပျ၊ လဆယ်ဆူနှယ်
ကြည်နူးတယ် ခင် ။
မောင့်ရင်တွင်းမှာ
နေမင်းလမင်း၊ ဆယ်စင်းပြိုင်တူ
ပူကြသာကြ၊ ခံစားရအောင်
လွမ်းရဆွေးရ၊ ကြည်နူးရအောင်
နှောင်တွယ် ကျွမ်းရစ်၊ သောကဖြစ်သည့်
အချစ်ဆိုတာ ဒါလား ခင်. . . ။ ။


mgyoe.com

mgyoe.com SAMPLE BOOK 

## အခြေအနေ

၀ မောင့်စကားဦး၊ ပျားမလူးလည်း
ချစ်ဦး နားထောင်စေချင်သည်။

၀ မြစ်ကမ်းနားတွင်၊ သစ်တစ်ပင်သည်
လွင်လွင်ထီးတည်းရှိသတဲ့။

၀ နွေဦးကာလ၊ ပူလောင်ပြလည်း
မြဖူးမြတက်၊ မြအခက်နှင့်
မြရွက်ဝေကာ နေစမြဲ။

၀ မိုးရိုင်းလေရိုင်း၊ လေမုန်တိုင်းတွင်
အကိုင်းမကျိုး၊ မငိုက်ညှိုးဘဲ
မိုးဒဏ်လေဒဏ်၊ ကြံ့ကြံ့ခံရင်း
အားမာန်နှသစ် ရှင်သန်ဆဲ။



mgyoe.com

mgyoe.com SAMPLE BOOK

၀ သည်အပင်လျှင်
အားအင်ပြည့်ဖြိုး၊ ရွက် မညှိုးဘဲ
မိုးမိုးနွေနွေ၊ အခက်ဝေ၏
နွေနွေ ဆောင်းဆောင်း၊ အားသစ် လောင်း၏။

၀ သည်အပင်လျှင်
အားအင်ပြည့်ဖြိုး၊ ရွက်မညှိုးဘဲ
မိုးမိုးနွေနွေ၊ အခက်ဝေ၏။
နွေနွေဆောင်းဆောင်း၊ အားသစ်လောင်း၏။
ခေါင်းမော့နသစ်၊ ဖူးပုရစ်နှင့်
ဖြစ်သမျှဒဏ်၊ အံကြိတ်ခံလို့
မာန်နှင့် အားနှင့် ရှိသော်လည်း
မြစ်ရေစီးသည်
လှိုင်းကြီးလေထန်၊ ဒေါသမာန်နှင့်
သောင်ယံကမ်းပါး၊ ဖဲ့မျိုဝါး၍
မြေသားကိုဖဲ့၊ မြစ်ကို ချဲ့သော်
ယိုင်နဲ့ အားအင်၊ မြစ်ရေပြင်မှာ
သစ်ပင် ပြိုလဲရလေပြီ။

၀ မောင့်စကားဦး
ပျားမလူးလို့၊ ညွတ်နူးကြည်ချို
စိတ်မလိုလည်း
"ကိုယ်ကောင်းလျက်၊ ခေါင်းရွှေ့သည့်အဖြစ်"
သည်သနစ်ကို
အချစ် နားလည်စေချင်သည် ။ ။


mgyoe.com

mgyoe.com SAMPLE BOOK 

## အရိပ်မည်း

နေရောင်အောက်မှာလည်း
အရိပ်မည်း ရှိတတ်တယ်။
လရောင်အောက်မှာလည်း
အရိပ်မည်း ရှိတတ်တယ်။
အလင်းရောင် ကွယ်ဆိတ်တော့
အရိပ်လည်း ပျောက်ပြန်တယ်။
မောင့်ရင်ထဲမှာလည်း
အရိပ်မည်း ထင်နေတယ်။
နေလရောင် ကွယ်ဆိတ်ပေမယ့်
သည်အရိပ် မပျက်ပြယ်။
“မေတ္တာ” ဆိုတဲ့ အလင်းနဲ့
“သတိရခြင်း”ဆိုတဲ့ အရိပ်ပါ အချစ်ရယ်... ။ ။



mgyoe.com

mgyoe.com SAMPLE BOOK

## ဖမ်းစားခြင်း

မုန်တိုင်းလမ်းမှ၊ ဖြတ်ခဲ့ရပြီး
ဘဝရင့်ကျက်၊ တက်မဲ့ လှေငယ်
ရေလယ်ထီးတည်း၊ ခရီးနှင်ခိုက်
လေပြင်းတိုက်လျှင်
စိတ်၌ တုန်လှုပ်မည်မထင်။
အမှောင်လမ်းမှာ၊ စမ်းတဝါးဝါး
အားမငယ်ချင်၊ ရင်မတုန်လှုပ်
စုပ်စုပ်မှောင်ကျ၊ ဖြတ်ခဲ့ရပြီး
လကွယ်ညဆို၊ မငိုပါဘူး
မထူးပြီပဲ၊ ရင်ဆိုင်ရဲပြီ
စိတ်ထဲ တုန်လှုပ်မည်မထင်။
နေပူ လေပူ၊ ကျွက်ကျွက်ဆူထဲ
သဲကန္တာရတွင်း၊ ဆင်းဖူးပြီလေ
နွေလို ပူပြင်း၊ ခြောက်သွေ့ ခြင်းကို
ရင်တွင်း တုန်လှုပ်မည်မထင်။
ရင့်ကျက်ပြီကွယ်၊ မရယ်မငို
အို. . . မတုန်လှုပ်၊ ထိန်းချုပ်ဖမ်းကိုင်
စိတ်နိုင်ပြီပဲ၊ ထင်မိဆဲဝယ်
ငယ်ကျွမ်းနှောင်ချစ်၊ မြနုသစ်ကို
လှစ်ခနဲမြင်၊ ရင်တနွေးနွေး
အေးစေပူစေ၊ တုန်လှုပ်စေတယ်
ဆယ်နေ ဆယ်လလိုပါ ခင်။ ။


mgyoe.com

mgyoe.com SAMPLE BOOK 

## အပြောင်းအလဲ

နှစ်ဦးတူယှဉ်၊ သည်အပင်အောက်
ပန်းကြွေကောက်စဉ်၊ ရင်တထိတ်ထိတ်
သည်အရိပ်မှာ၊ ချစ်စိတ်ဝေခဲ့ဖူးပါတယ်။

သစ်မြစ်ဆုံခွ၊ ယှဉ်ထိုင်ကြရင်း
မြချောင်းရေကြော၊ ပန်းကြွေမျှောမိ
ကြည့်ရင်း ကြည်နူး၊ ချောင်းနဖူးမှာ
စိတ်ကူးနသစ်ခဲ့ဖူးတယ်။

ခင်က ပစ်တော့ . . .
သည်သစ်ပင်အောက်၊ ပန်းမကောက်ချင်
နွမ်းခြောက်သွေ့ဆိတ်၊ သည်အရိပ်မှာ
လွမ်းစိတ်ရာထောင် ဝေဖူးတယ်။

ခင်မကြင်တော့ . . .
ညင်ညင်ရေစီး၊ တမ်းတညည်းဟန်
ခင့်ရယ်သံလား၊ ဝိုးဝါးထင်မိ
ကြည့်လေရာရာ၊ ဝေဒနာနှင့်
ရေပြာအလှကင်းဖူးတယ်။

ဩော် . . . နှစ်တွေကြာလို့
တစ်ခါတစ်ခေါက်၊ သည်ကိုရောက်လျှင်
တို့ငယ်စဉ်က၊ နှောင်မျှင်တွယ်ရစ်
အချစ်အလွမ်း၊ ဖမ်းစားညို့ငင်
သည်သစ်ပင်ကား၊ ချောင်းရေစား၍
ကမ်းပါးပြိုနောက် ပါလေပြီ။

သည်က ပြန်လျှင်၊ ရင်မခုန်တတ်
မလွမ်းတတ်တော့၊ စိတ်ဓာတ်ရင့်ကျက်
ခံစားချက်တို့၊ ပျက်ပြယ်ခဲ့ရ
အနည်ကျပြီ
ဘဝဆိုတာ . . . ဒါပဲ ခင်။ ။


mgyoe.com

mgyoe.com SAMPLE BOOK

ဝဋ်

- အငုံအဖူးကို
  မရူးမဆွတ်ခဲ့ပါဘုရား။

- အငုံအပွင့်ကို
  မလွင့် မခြွေခဲ့ပါဘုရား။

- အငုံအခက်ကို
  မဖျက်မဆီးခဲ့ပါဘုရား။

- အကြွေပန်းကို၊ နမ်းရုံကလေး
  မွှေးရုံမွှေးကာ၊ ထွေးထွေးနုနု
  ယုယုယယ နေပါလျက်။

- ပန်းဖျက်မုဆိုး၊ နံ့သာခိုးဟု
  ယိုးစွပ်ကျိန်ဆဲ၊ အထင်လွဲကာ
  အမြဲ အငြိုအငြင် ခံရပါသည်ဘုရား။ ။


mgyoe.com

mgyoe.com SAMPLE BOOK 

## ရင်ခွင်ရှိုင်း

နိုကိုးစရာ၊ ရှာသော် မတွေ့
ရွှေ့ရွှေ့ဖြတ်သန်း၊ သစ်တန်းမမြင်
လွင်ပြင်ခရီး၊ ညည်းညူပန်းဟိုက်
ပျံသန်းလိုက်နှင့်၊ အသိုက်မဲ့သော ငှက်ငယ်ပါ။

အထီးကျန်မို့၊ သည်းထန်ညှိုးနွမ်း
အပန်းဖြေလို၊ နေအညိုမှာ
ခိုဝင်စရာ၊ အရိပ်ရှာစဉ်
သစ်တစ်ပင်တွေ့၊ စိတ်ချမ်းမြေ့သည်
ကြည်မွေ့စရာဖြစ်မည်ထင်။

သည်အပင်ထက်၊ မှေးစက်နားခို
နေညိုမှောင်မိုက်၊ အိပ်စက်ခိုက်တွင်
ကောင်းကင်ထစ်ကြိုး၊ သန်းခေါင်မိုးသည်
အငြိုးကြီးစွာ၊ ရွာသောအခါမှ
အိပ်ရာနိုးထ၊ မိုးရေစဖြင့်
မြရွက်မဝေ၊ ပင်ခြေပြိုင်းပြိုင်း
အကိုင်းငေါက်ငေါက်၊ ရိုးတံခြောက်မှာ
ကွန်းထောက်တွယ်ရစ်၊ သည်အဖြစ်ကို
စင်စစ် နားလည်လိုက်တကား။ ။


mgyoe.com

mgyoe.com SAMPLE BOOK

## လှည့်စားသူ

ရေငတ်လို့
ရေခပ်ပါရစေ သခင်။

သကာနှုတ်ဖျား၊ စကားချိုသာ
မာယာကုဋ္ဌေ၊ နွဲ့ညုလေ၍
ရေကို ခပ်ကာ၊ မျက်နှာမသစ်
နှစ်သက်ဝမ်းမြောက်၊ မသုံးသောက်ပေ
ခပ်သည့်ရေဖြင့်
ခြေဆေးတတ်သူပါကလား။ ။


mgyoe.com

mgyoe.com
SAMPLE BOOK


## အစဉ်သာ

မစီးနဲ့လေ
ရေကို တားနိုင်၊ ဆို့ပိတ်နိုင်လည်း။
မရွာနဲ့လေ. . .
ရေငွေ့ရေခိုး၊ စနေမိုးအား
ဘယ်သူတားမလဲ။
မလာနဲ့လေ. . .
ဝေရီမှိုင်းခိုး၊ ရန့်ဆိုးများ
တံခါးသော့ချိတ်
အလုံပိတ်ကာထားနိုင်လည်း။
မတိုက်နဲ့လေ . . .
ဟိုသည်မွှေနှံ့၊ လေပြည်ရှူးအား
ဘယ်သူတားမလဲ။
မကြည့်နဲ့လေ. . .
အနေစိမ်းစိမ်း၊ တိမ်းဖယ်ရှောင်ချင်
ခင်နေနိုင်လည်း ။
မမြင်နဲ့လေ. . .
ဝေဒနာနွေး၊ ခြေရာလေးထား
နှလုံးသားမှ၊ ဆ ပွားထောင်ရာ
သည်မျက်နှာကို
အို . . . ဘယ်သူတားလို့ ရမှာလဲ။ ။


mgyoe.com

mgyoe.com SAMPLE BOOK

## ကစားစရာ ထင်ပါသလား

ခဏကလေးဆိုပြီး
ခရီးဝေးထွက်သွားသူ။
အဖော်ဆိုပြီး
ထီးတည်းထားခဲ့သူ။
ပျားရည်တစ်စက်နှင့်
ဝမ်းပျက်စေခဲ့သူ။
တကယ့်တကယ်၊ တွယ်တာသနား
လားလားမဟုတ်၊ ထိလှုပ်နှိုးခတ်
လမ်းကြုံဖြတ်ရုံ
မုတ်သုံမဝင်၊ မုန်တိုင်းဆင်ဆဲ
ဖွဲ့ဖွဲ့စွေရွှာ၊ ရာသီဆိုးထဲက
ယာယီမိုးကလေးတစ်ခုပါပဲ။ ။


mgyoe.com

mgyoe.com SAMPLE BOOK 

## တဝဲလည်လည်

ငှက်တစ်ကောင်လို
ခိုနားဖူးရာ၊ ရင်မှာ မသိ
မငြိတွယ်တတ်၊ စိတ်လွတ်လပ်နှင့်
ဖြတ်ခွာ ရှေ့ဆက်ချင်သော်လည်း။
မြက်တစ်ပင်လို
အမျှင်မရှိ၊ တိခနဲပြတ်
ဖြတ်လွယ် ပြတ်လွယ်
တွယ်တာမရစ်
သစ်စိမ်းချိုးနှယ် နေချင်လည်း။
ကြာတစ်ရိုးလို
ချိုဖြတ်သော်လည်း၊ အမျှင်တွဲနှင့်
ခွဲခက် ခွာခက်၊ မစွန့်ရက်ပြန်
သံယောဇဉ်ဖြစ်
ကြာဆစ်ကြိုးနှယ် ဘဝမို့။
ဝေးရာဝေးရာ
ပြေးခွာစွန့်ထွက်
စက္ကူဖွန်မျိုး၊ ကြိုးတန်းလန်းငင်
အမျှင်မပြတ်၊ ဖြတ်ခွာဖြေချွတ်
သည်နှောင်ဝဋ်က
လွတ်လွတ် မစွန့်နိုင်သူတည်း။ ။


mgyoe.com

mgyoe.com SAMPLE BOOK

## သောကသောင်

နှမအချစ်၊ မြစ်ထဲက ရေ
နွေနှင့် မိုး
တစ်မျိုးစီ ပြောင်းတတ်၏။
ငါ့ရာသီများ၊ ကာလလျားရှည်
နွေနေ့လယ်မျိုး၊ တံလျှပ်ခိုးဝေ
နေအပူပြင်း၍ ။
ကွေ့ကောက်စီးရစ်၊ "သူ(မ)" မြစ်၌
အချစ်ရေများ၊ လျော့ပါးစ ပြု
ခန်းလုပေါ့လေ
နွေ၏နေသည်
ရေကို အငွေ့ပြန်စေကာ။
နွေအနမ်း
ရေအခန်း
နွမ်းမောလျှအောင်
လွမ်းသောကသောင်တို့
လက်ဆောင်အဖြစ်
ထားရစ်ခဲ့ပြန် ။ ။


mgyoe.com

mgyoe.com SAMPLE BOOK

## အရိပ်များ

လ မရှိပါ
လ၏အစား၊ ချစ်သူ့ပါးပြင်
ပါးကွက်ထင် ။

ကြယ် မရှိပါ
ကြယ်၏အစား၊ ဖန်သားလဲ့ပြာ
မဟူရာနက်၊ သူ့မျက်ဝန်းတွင်
ရွှန်းလက်စင် ။

ည မရှိပါ
ည၏အစား၊ နွမ်းပါးနိမ့်ကျ
ငါ့ဘဝတွင်၊ အရိပ်ထင်။
သည်အခါ၌
မေတ္တာဟူသည်၊ မယုံကြည်ပါ
လသည် ကြယ်သည်၊ ညလယ်မွေ့ပျော်
အဖော်မစစ်၊ ပစ္စက္ခအား
လှည့်ဖြားခြင်းသာ၊ ညများစွာ၏
အနာဂတ်သည် အိပ်မက်ရှည်။ ။


mgyoe.com

mgyoe.com SAMPLE BOOK

## ရတနာသူ

ဝန်းရစ်သွေးဥ၊ စည်းစုယှက်သည်
နီထွေးအိစို၊ အို… ပတ္တမြား
ပါးနှစ်ဖက်မှာ ရတနာ… ။

ရှက်ဟန်ပြုံးပြ၊ ခဏလေးရယ်
ဖြူသွယ်ပုလဲ၊ ပါးစပ်ထဲမှာ
ရတနာ… ။

ရွှန်းရွှန်းလဲ့ကြည်၊ အရည်လည်ကာ
မဟူရာ နက်၊ မျက်ဝန်းထဲမှာ
ရတနာ… ။

အမြင်ရခက်၊ ကွယ်ဝှက်သိမ်းထား
နှလုံးသားက၊ လှည့်စားသွေတိမ်း
စိမ်းသည့်မြခဲ၊ သူ့ရင်ထဲမှာ
ရတနာ… ။ ။


mgyoe.com

mgyoe.com SAMPLE BOOK

## သို့လှောင်ခြင်း

"မေတ္တာ" ဆိုတဲ့ ပန်းနုလွှာ
သိမ်းဆည်းကာ ရင်မှာ စု
ဘယ်သူ့အတွက်လဲ။
မဆင်ရဲသူမို့
ရင်ထဲမှာ ပန်းတွေစု
သူ့အတွက်ပါပဲ။
"စကား"ဆိုတဲ့ ငှက်ညိုပြာ
နားနေကာ နှုတ်မှာ စု
ဘယ်သူ့တွက်လဲ။
တေးသီစမ်းမယ်လို့
နှုတ်ခမ်းမှာ ငှက်ပြာနု
သူ့အတွက်ပါပဲ။
"မျက်ရည်" ဆိုတဲ့ ပုလဲသွယ်
မျက်ဝန်းဝယ် သိမ်းကာစု
ဘယ်သူ့တွက်လဲ။
သူက စိမ်းလေတော့
မငြိမ်းနိုင် အပူဆို့မယ့်
ကိုယ့်တွက်ပါပဲ။ ။


mgyoe.com

mgyoe.com SAMPLE BOOK

## လမ်းခွဲခြင်း

လိုက်ခဲ့လို့ ကျွန်တော်ခေါ်
အဖော်က မဝံ့ရဲ။
ကိုယ့်လမ်းတာ ကိုယ့်ခရီး
မိုးသည်းလို့ပဲ။
သွားကြစို့ ကျွန်တော်ခေါ်
အဖော်က မလိုက်ရဲ။
ကိုယ့်လမ်းတာ ကိုယ့်ခရီး
လှိုင်းကြီးလို့ပဲ။
လှမ်းကြစို့ ကျွန်တော်ခေါ်
အဖော်က မလိုက်ရဲ။
ကိုယ်သွားရာ ခရီးလမ်း
ကြမ်းတမ်းလို့ပဲ။
လက်တွဲစို့ ကျွန်တော်ခေါ်
အဖော်က စိတ်မရဲ
ကိုယ့်လမ်းဟာ တစ်ဆစ်ချိုး
ဆိုးလွန်းလို့ပဲ။
သွားတော့မယ်နော်
ကျွန်တော်က နှုတ်ဆက်။
ကဗျာလေ့ ရှေ့ကို မှန်းကာ
သည်လမ်းက ထွက်။ ။


mgyoe.com

## မေ့နိုင်မလား

❖ ဖုံးဖိလို့ မရ
ကကြိုးအရုပ်၊ ကြိုးလိမ်ရှုပ်မှ
နောက်ဆုတ်ဟန်ပျက်
ဆုံးဖြတ်ချက်ကိုလည်း မပြင်ချင်ပါ။

❖ လျှို့ဝှက်လို့ မရ
ကြောင့်ကြမှုဝေဒနာ၊ မျက်နှာပေါ်ဟပ်
အနေကျပ်မှ၊ ဇာတ်ကောင်စရိုက်ပြောင်း
အလျှောက်ကောင်းသူ မဖြစ်ချင်ပါ။

❖ အခန်းဆက် ခရီးဇာတ်မှာ
အပြီးပြတ် ကြည်လင်နိုး
ယုံကိုးလို့ စောင့်၊ စောင့်ရင်းနဲ့ကြာ
လာလာလာမည်၊ ထင်မှတ်သည်ပဲ
ချစ်လျက်နဲ့ ခွဲရမည့်လမ်း
လွမ်းနေဦးမည့် မျက်နှာမည်ိုးခင်
မျှော်လင့်နေချင်မှု၊ တစ်ခုခုအတွက်
ဒေါသလည်း မထွက်ချင်ပါကွယ်။


mgyoe.com

mgyoe.com SAMPLE BOOK

❖ စောင့်ရင်းနဲ့ မလာမှန်းသိ
ကြည့်ရင်းနဲ့ မတွေ့တဲ့အဆုံး
မမုန်းဘဲနဲ့ ဝေးတာမျိုးဖြစ်နေလျှင်
ဖူးတွေ့နေချင်မှု တစ်ခုခုအတွက်
ရင်ထဲမှာလည်း မရှက်တတ်တော့ပါကွယ်။

❖ တကယ်ဆိုက မာနတရား
သူ့ခြေဖဝါးအောက်
ရောက်အောင်ပေးဆပ်
ချစ်တတ်ခဲ့ရင်း၊ ယုံကြည်ရင်းမှ
နွံနင်းလို့ ကျွံနစ်ခဲ့တာမျိုး
ချုံတိုးလို့ ဆူးငြိတဲ့အဖြစ်နဲ့
လမ်းတစ်ဆစ်မှာ ကျန်၊ မချန်လှပ်ရက်
တစ်ယောက်တည်းလည်း
ခရီးမဆက်ရဲပေမယ့်
လမ်းခွဲဖို့ ဆုံးဖြတ်လိုက်ပါတယ် အချစ်ရယ်. . .။ ။


mgyoe.com

# လှေပျက်ပေါ်မှာ

ယုံကြည်နေမှ၊ သွားလို့ရမယ်
နားလည်နေမှ၊ ရှေ့ဆက်ကြမယ်
ဘဝလှေပျက်၊ မထွက်ခင်လေ
မေ ဘယ်လိုလဲ၊ လိုက်ရဲမှ တက်
ကမ်းက ထွက်မယ်။

ချို့အိနမ်းမူး၊ မကြည်နူးနိုင်
ပျော်ဖူးသည့်ရက်၊ အိပ်မက်လို ပျောက်
လမ်းခွဲရောက်ပြီ၊ တစ်ယောက်တည်းလား
နှစ်ယောက်ပဲလား၊ ပြတ်သားနိုင်ရေး
နှုတ်ဆက်မေးဖူး
လှေဦးပေါ်က ထိုင်စောင့်၏။

ခရီးအတူ၊ မညည်းညူဘဲ
မေ လိုက်ရဲတယ်၊ ကဲ အခုထွက်
လှေပေါ်တက်စဉ်၊ လက်ကမ်းခေါ်မိ
ကြည်နူး၏လေ
မေ
မတွေဝေတတ်
ပြတ်သားဝံ့သူ
ကိုယ့်ချစ်သူလေ
လေထန်လှိုင်းကြမ်း၊ ကမ်းကအထွက်
မိုးသည်းရက်မှာ၊ လှေပျက်ဝမ်းပေါက်
တုန်လှုပ်ကြောက်ဖွယ်
အားငယ်သလား
နားလည်ထားနော်
ယုံစား အားဖြည့်
သတ္တိရှိနော် . . .
နော် . . .
နော် . . .
နော် . . .
အော်ဟစ်အားပေး
သွေးမကြောင်နဲ့ အချစ်ရေ ။

ဘဝလှေပျက်၊ မှောင်မိုက်ရက်ရှည်
ရေလယ်ဝဲစုပ်၊ မြုပ်တော့မလား
ဘုရား... ဘုရား... အနားတိုးကပ်
ရင်ချင်းအပ်ဆဲ၊ ဝေ့ယောင်ဝဲသီ
မျက်ရည်ထိန်းထား
အားတင်းထားနော်
ရောင်နီပေါ်ထိ
လှော်ခတ်အားစိုက်
ရုန်းကန်လိုက်စို့
ဟို့... တစ်နေရာ ကမ်းခြေထိ။ ။


mgyoe.com

mgyoe.com SAMPLE BOOK

## အလယ်ကအစ

❖ မပွင့်လင်းခြင်းအစ
သံသယဓားသည်
ပတ်ချည်နှောင်ရစ်၊ ချစ်ကြိုးကို ဖြတ်
ဝေးသွားတတ်စေ၊ မေ မသိ၍လား။

❖ တင်းမာခြင်းအစ
မာနတံတိုင်းသည်
ပိုင်းခြားဖြတ်ကာ၊ နာကြည်းမုန်းပြတ်
စိမ်းကားတတ်စေ၊ မေ မသိ၍လား။

❖ နားမလည်ခြင်းအစ
အတ္တမီးပွားသည်
ကြီးမားညို့ရိပ်၊ ထူသိပ်ပျော်မော
မေတ္တာတောကို၊ ဝါးမျိုကျွမ်းအောင်
ပူမြိုက်လောင်စေ၊ မေ မသိ၍လား။

❖ မေ မသိ၍လား၊ သိ၍လားလေ
စောင်းပါးခွန်းစ၊ သံသယနှင့်
မာနမာန်တက်၊ အတ္တဖက်နွယ်
တွယ်မက်သမျှ၊ ပယ်ဖျက်ရမလား
ယုံစားမျှော်ရည်၊ ခရီးရှည်ည
ဘဝအဖော်မဖြစ်
ခဏအပျော်ချစ်သလား
လား... လား... လားနှင့်
စိမ်းကားရိပ်ငွေ့၊ တွေ့မှ ဝမ်းနည်း
လမ်းမခွဲပေမယ့် ညှိုးထန်သည် ။ ။


mgyoe.com

## ကတ္တီပါ ဖိနပ်တစ်ရန်

- မွေးနည့်အိ၊ ကြည့်တိုင်းစွဲမက်
  ကျက်သရေရှိ၊ ခြေ၏တန်ဆာ
  ကတ္တီပါ ဖိနပ်တစ်ရန်။
- အဓိပတိလမ်း၊ ပျားရည်ဆမ်းလို
  နှစ်ကိုယ်နွဲ့ယှဉ်၊ ခင်နှင့်အတူ
  အပူအပင်မဲ့၊ လှမ်းလျှောက်ခဲ့စဉ်
  ညင်ညင်သာသာ၊ ကတ္တီပါဖိနပ်
- သပ်ရပ်တင့်တယ်၊ မက်မောဖွယ်တည့်။
  လမ်းကြားလမ်းကွေ့၊ မွေ့ရာမဟုတ်
  ခလုတ်နှင့် ဆူး၊ ရွံ့လူးညစ်ပေ
  လမ်းမတွေကို၊ ခြေချသည့်အခါ
  ကတ္တီပါဖိနပ်၊ ဆက်စပ်မရ
  သုံးမကျလို့
  လုံးဝလွှင့်ပစ်လိုက်ရသည်။ ။



mgyoe.com

mgyoe.com SAMPLE BOOK

## ပိန်းရွက်ပေါ်က ရေစက်ကလေး

နှမခေါ်၍
မပျော်တောအုပ်၊ မပူရုပ်ဆင်
သောကပင်ကြား၊ အလွမ်းများကောက်
ရောက်ခဲ့ဖူးသည်။
ညပြာရီညို့၊ နှင်းဆီတို့ဝေ
နွေဦးပေါက်စ၊ နှမ ခေါ်၍
အပျော်အိပ်မက်၊ လျှပ်တစ်ပြက်မျှ
မက်ခဲ့ပါသည်။
အလွမ်းတောနှင့်၊ ပန်းမျောအိပ်မက်
မျက်ရည်စက်ကြွေ. . .
ရက်ရှည်လျက်နေ
မရေမရာအဖြစ်၊ ဝေဒနာသစ်ဆဲ
အချစ်လာလေ၊ ရှန်းကန်နေကြ
ဘဝမြစ်ထဲ၊ ခုန်ဆင်းရဲစို့
နှစ်ကိုယ့်တစ်စိတ်၊ အံကို ကြိတ်နော်
မောင်က ခေါ်လျှင် ။
ဘဝ "မြစ်"တွင်း၌
ဆင်းရဲခြင်း "ရေ"၊ လှိုင်းထန်"လေကြမ်း"
မေတ္တာ "ကမ်းပါး"၊ တိုက်စားပြိုကျ
ထိုကာလ. . .
နှမ မောင့်နောက် မပါတော့ ။ ။

mgyoe.com

mgyoe.com SAMPLE BOOK


# ဟိုဘက်ကမ်း သည်ဘက်ကမ်း

သုံးဆယ်အကျော်မှာ
ပြုံးတယ်နော် ပြုံးတဲ့သတိ
ကြည့်ရင် ကြည့်တယ်ထား
ကြားရင် ကြားတယ် ကြားတယ် သိမှတ်ပြီး
ဝိပဿနာပွားသလို
တရားနဲ့လည်း မရှုနိုင်ပြီ။
သူ့အသံ သူ့စကားကို
ကြားယောင်ရင် နားထောင်တုန်းလိုပဲ
ရင်ထဲမှာ ထာဝစဉ်သစ်
လွမ်းဖြစ်ပါသည်။
ရင်တစ်ခုန် မြင်ရုံအဖြတ်တောင်မှ
လျှပ်ပြက်သလို အတွေးစိတ်မှာ
ဆွေးရိပ်တွေ မိုးတိမ်ဖွဲ့လေသလား
ရွာမယ့်ဟန် တပြင်ပြင်ပေါ့
မခင်မကြင် တမင်မတိမ်းပေမယ့်
စိမ်းမှ ဖြစ်မှာမို့
သူစိမ်းဘဝအသစ်နဲ့
စိမ်းရတဲ့အဖြစ် နှစ်တာရှည်
အချစ်ရယ် ကြာပြီပေါ့၊
ဟိုး. . . ယခင်အတိတ်။

သူ မလွမ်းပြီလား
ပူစတမ်းဆို ကိုယ်သာ ပူရ
သူကျလေ အဖော်သစ်နဲ့
ပျော်ရစ်ကာ ပြုံးနိုင်ရက်တယ်လို့
မုန်းနိုင်ခက်စွာ သမုဒယအတွေးတွေနဲ့
မှေးမပျော် တစ်ရေးနော် အိပ်ချင်ခိုက်မှာပဲ
ငိုရှိုက်သံ ဘေးမှာ ကြားလေမှ
သားရေ . . . အိုအိုအေးရယ်လို့
ဆိုတေးသီ ချော့အသိပ်မှာ
ကျွန်တော့်စိတ်တွေ ဘယ်လိုဖြစ်ပါလိမ့်
သားချစ်ကို ပွေ့ယူနမ်းခါမှ
ချမ်းမြေ့ပျော်အိပ်။ ။


mgyoe.com

mgyoe.com SAMPLE BOOK

## မြစ်အကူး

❖ မိုးထဲမှာ မေ
လှေတစ်စင်းနဲ့၊ ရွက်မဲ့တက်မဲ့
လက်နဲ့လှော်ခတ်၊ ဖြတ်စဉ်အခိုက်
မုန်တိုင်းတိုက်ခတ်
ဝေ့ဝိုက်လှေလူး၊ ဦးထောင် ပဲ့စောင်း
လှေဝမ်းခေါင်းပေါက်
မှောက်ချင် မှောက်မည်။
❖ အမှောင်မိုက်ထဲ၊ ဒိုက်သရောလား
ကျောက်ဆောင်လားပဲ၊ အခွဲခက်ခက်
ညဉ့်နက်နက်မှာ၊ ချွေးစက်မိုးရေ
ရောထွေးပေစီး၊ မေမည်းနဲ့
ခရီးကြမ်းတမ်း၊ ပန်းချင်ပန်းမည်။
ယုံကြည်ခြင်းလေ
မေနှင့်အတူ၊ ဖေးကူအားဖြည့်
သတ္တိတရား၊ နားလည်ချစ်ကြင်
ခံစားချင်တတ်၊ ကျောချင်းကပ်သူ
လှော်ခတ်လှုပ်ရှား၊ ခရီးသွားဖော်
တီးတိုးဖော်နှင့်၊ နေပျော်၏ထင်
အားသစ်ဝင်မည်။
❖ ကိုယ့်ခရီးနှင့်
ကိုယ်စီးမည့်လှေ
မေ အမြင်ပဲ၊ လိုက်ရဲလျှင် တက်
ကမ်းက ထွက်မည်။ ။


mgyoe.com

mgyoe.com SAMPLE BOOK


# အိပ်မက်ပြယ်ခြင်း

❖ ခွဲမည့်ရက်က၊ တွယ်ဖက်ငိုရှိုက်
ဖိုလှိုက်တင်းကျပ်၊ သည်းအူပြတ်မျှ
ဆတ်ဆတ်နာကျင်၊ မွတ်သိပ် ရင်ခုန်
တုန်ယင်တုန်ယဲ့၊ ညှိုးရော်နွဲ့နွမ်း
မျက်ရည်ပန်းခွေ၊ ခုံတန်းရှည်ပေါ်
သြော်. . . ဖြေအပြေခက်
ဥသြငှက်လို၊ နမ ငိုသည်။

❖ ကာလမြင့်ရှည်၊ ကြာပါပြီလေ
အနေဝေးကြ၊ ကိုယ့်ဘဝ ကိုယ့်လမ်း
သူ့ဘဝ သူ့လမ်း၊ လှမ်းကြရင်းမှ
သချိုင်းဝဆုံ၊ သူနှင့် ကြုံ၍
လှိုက်တုန်ဆို့တက်၊ ဘေးတစ်ဖက်စီ
တွယ်ဖက်တွဲမ၊ ထိန်းခေါ်ရ၍
ပရိဒေဝ၊ ရှားမီးစသည်
နမရင်ထဲ၊ လျှံမြိုက်ရဲလိမ့်
လက်တွဲနေပျော်၊ သူ့အဖော်တွက်
ကမ္ဘာပျက်မျှ၊ နမ ငိုသည်။ ။


mgyoe.com

mgyoe.com SAMPLE BOOK

## ရာသီပန်း

❖ သူ့မျက်နှာကို၊ ကဗျာလို ဖတ်
ရင်ခုန်တတ်စွာ၊ ကာလတာရှည်
လွန်လေပြီလား. . . ။

❖ စကားချိုမြ၊ မဝသေရည်
မူးအီစွဲယစ်၊ ချစ်မြတ်နိုးစွာ
ကာလတာရှည်
လွန်လေပြီလား . . . ။

❖ သင်းပျံ့တမ်းမက်၊ စွဲလမ်းကြီးစွာ
ဆံစဖွာနု၊ ချွေးစ ဥစို
သူ(မ)ကိုယ်နံ့၊ နှစ်လိုတိမ်းမူး
ကြည်နူးတတ်စွာ၊ ကာလတာရှည်
လွန်လေပြီလား . . . ။

❖ ဘဝပြတင်း၊ ဟင်းလင်းပွင့်ချိန်
မှုန်မှေးမှိန်ဝါး၊ စကားခွန်းစ
မပဟဖင့်လေး၊ နှုတ်နေးစိုးရွံ့
ပြောအံ့မူးမူး၊ ကြည်နူးရက်မဲ့
ဆိုချင်ခက်ခဲ့၊ ရက်ဆက်တင်းမာ
ကြာခဲ့ပြီပဲ၊ မခွဲရဲကြ
ရှန်းကန်ကြရင်း၊ မာနမဲ့စွာ
နားလည်ပါသည်။ ။


mgyoe.com

mgyoe.com SAMPLE BOOK

# ထာဝရ

၀ အိပ်မက်စမ်းချောင်း
ဖြတ်သန်းစီးဆဲ၊ စူးရဲဖြာကျ
ဘဝနေပူ၊ စုပ်ယူခန်းခြောက်
စမ်းရေ ပျောက်၏။
၀ ဆုံစည်းမှု ပန်းငုံ
ထုံမည်ပွင့်ဆဲ၊ မုန်တိုင်းထဲမှာ
အလွှာလေကြမ်း၊ ငှေ့ယမ်းခြွေချ
ပန်းကြွေကျ၏။
၀ သမုဒယအမြစ်
သူ့မှ သူ့ဆိုတဲ့ "အချစ်"
နှစ်လကြာရှည်၊ ရာသီများစွာ
ဘယ်သူမှ လာမနုတ်
အလွမ်းသမုဒ္ဒရာလည်း
စမ်းမဟုတ်ပါဘဲ
အစဉ်အမြဲနေ၊ သခင်ခွဲပေမယ့်
ရင်ထဲ ထာဝရ ရှိနေသည်။ ။


mgyoe.com

mgyoe.com SAMPLE BOOK

## နှင်းနဲ့ ဥသြ

၁ နေကို ကြောက်၍
ပျောက်ကွယ်ကြွေဆင်း၊ ငွေနှင်းပွင့်ငယ်
တွယ်ငြိဝေဝဲ၊ မနေရဲလို့
နွေထဲမပျော်၊ သွေလွဲတော်မူ
အပူသည်လို . . .
သူတကယ်ငို၏။

၁ နှုတ်အပြောချို၊ ဥသြပျိုရယ်
တကယ်လွမ်းလို့၊ တမ်းဆို့ရည်ရော်
နှင်းရေ . . ခေါ်သလား
ရာသီခြားလို့၊ မကြားတဲ့ နှင်း
ပူလောင်ခြင်းကို၊ မကြံ့နိုင်တဲ့ နှင်း
ခရီးပြင်းမှာ၊ ညည်းရင်းကျန်ခဲ့
သတ္တိမဲ့နှင်း၊ စိမ်းလေခြင်းလို့
ဆိုရင်းသီပြော
ဩဘ် . . ငိုချင်းရှည်သလော။ ။


mgyoe.com